တပည့်ကောင်း တပည့်လိမ္မာများဖြစ်ရန်

ညွှန်ကြား သခ်ိန်းစာ ပေးသည့်

# တပည့်လိမ္မာ


အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက
B.A.Hons. ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)
ရေးသားသည်။



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၆၊ ကောဇာ ၁၃၄၄၊ ခရစ် ၁၉၈၂။

တပည့်ကောင်း တပည့်လိမ္မာများ ဖြစ်ရန်

ညွှန်ကြား သင်ခန်းစာ ပေးသည့်

# တပည့်လိမ္မာ


အရှင်ကေလာသ ဓမ္မာစရိယ, ကထာဝါစက

B.A.Hons. ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)


စုဆောင်း ရေးသားသည်။


ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၆ ကောဇာ ၁၃၄၄ ခရစ် ၁၉၈၂

ပထမအကြိမ်

အုပ်ရေ—၅၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာ့အေး၊ သာသနာရေးဦးစီးဌာနအတွက်
ဘာဝသစ်ပုံနှိပ်တိုက် (၀၉၇၃—မြ) ဒေါ်ခင်ထွေးက ပုံနှိပ်၍
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင် မှတ်ပုံတင်အမှတ် (၀၂၅၂၇)
က ထုတ်ဝေသည်။

# မာတိကာ


၁။ တပည့်လိမ္မာ ကျမ်းကျမ်းဦးမှတ်ဖွယ် — င

၂။ ပဌာဝမ ပဌိညာဉ် — ၁

၃။ ဆရာပြောစကား နာယူလိုသောကြောင့် တပည့် — ၃

၄။ ကြုံကြဲခဲ့နှိပ်၍ ပြောဆိုဆုံးမအသော ဆရာကို မုားစွာဆည်းကပ် — ၃

၅။ တပည့်ကျင့်ဝတ် ငါးပါး — — ၄

၆။ အသေးစိတ်ကျင့်ဝတ်များ — — ၅

၇။ သေသေသပ်သပ် စားသောက်အိပ်နေ — ၆

၈။ မျက်နှာသစ်ရေ သွားပွတ်တန်များ ယူ၍ ပေးကင် — ၆

၉။ ဘုရားဝိုင်း ကျောင်းဝိုင်း တံမြက်လှည်း — ၇

၁၀။ သောက်ရေအိုး ရေမရှိလျှင် ရေလောင်းပါ၊ သွား၍ခပ်ပါ — ၇

၁၁။ ဆရာသမား၏ အဝတ်အထည်စသည် လှမ်းယူရမည် — ၈

၁၂။ အိုက်နေလျှင် ယပ်လေခပ်ပေး — ၈

၁၃။ စကားအကျယ်ကျယ်မပြောနှင့်၊ ကြမ်းလာသောနင်း၊ ကုန်းကူ၍သွား — ၉

၁၄။ ရိုရိုသေသေချဉ်းကပ် စားမည်လားဟု မမေးရ — ၁၀

၁၅။ ဦးဦးဖျားဖျား မစားနှင့် — — ၁၀

၁၆။ ပစ္စည်းပစ္စယများကို သေသေသပ်သပ်ထား — ၁၁

၁၇။ ဆရာခေါ်လျှင် မြန်မြန်သွား — ၁၂

၁၈။ နေမကောင်းထိုင်မသာရှိလျှင် ဝိုင်းဝန်းကူညီကုသကြ — ၁၂

၁၉။ စာသင်ကျောင်းတိုက်များက သာမဏေများ — ၁၃

၂၀။ ဆရာသမားကြီးသူများခေါ်လျှင် ရှိခိုးသစ္စာ ချဉ်းကပ် — ၁၃

၂၁။ အိမ်မြင့်ကမနေနှင့်၊ ဒူးထောင်ပေါင်ကား၍လည်း မနေရာ ၁၄
၂၂။ ဘုရားဝတ်ပြု ဝတ်တက် ဝတ်ကပ် ပြုကြ — ၁၅
၂၃။ ဆရာပေးလိုက်သည့်စာကို ရအောင်ကျက် — ၁၆
၂၄။ စကားတပြောပြော ရယ်မောမနေနှင့် — ၁၇
၂၅။ မှန်မှန်ဖတ် မှန်မှန်ရေး — — ၁၈
၂၆။ ညစ်နွံနက်သန်းခေါင် စာပြန် — = ၁၉
၂၇။ ဆရာသမားသြဝါဒကို ကောင်းစွာနာယူ — ၂၀
၂၈။ ပညာတတ်လျှင် မဆင်းရဲနိုင် — — ၂၁
၂၉။ ဉာဏ်နည်းသောစိတ္တနှင့် ဉာဏ်ကြီးသောမိတ္တ — ၂၃
၃၀။ ဆရာကြီး ဉာဏ်စမ်းခြင်း — — ၂၄
၃၁။ ပညာကား အရှည်ခံ၊ ဥစ္စာကား အရှည်မခံ၊ — ၂၅
၃၂။ ပညာမတတ်က လူ့အောက်ကျ — — ၂၆
၃၃။ လောကအလွှင်း ပြောင်ပြောင်ဝင်း — ၂၇
၃၄။ နိုင်ငံတကာအဆင်းတန်ဆာ ပညာရှင် — ၂၈
၃၅။ မျက်ရှင်အလား ပညာအား — — ၃၁
၃၆။ ပညာမရှိသူ၏ သားသမီးလည်း
ထိပ်တန်းပညာရှင် ဖြစ်တတ် — ၃၂
၃၇။ အတတ်ပညာနှင့် တူသော မိတ်ဆွေမရှိ — ၃၃
၃၈။ ဆရာ့စကား မလေးစားကြည်ဖြူ နားထောင်ယူ — ၃၅
၃၉။ အတတ်ပညာ စာအုပ်ထဲမထားနှင့် နှုတ်ရဆောင်ထား ၃၆
၄၀။ ပညာရှင်ရှိရာ မဖြစ်မနေသွားရောက်ပညာသင် — ၃၈
၄၁။ အဆင်းလှဆန်း လူ့ပေါက်ပန်း — ၄၀
၄၂။ အရှင်သာရိပုတ္တရာ ဆုံးမမှုကြောင့်
အရှင်ရာဓမထေရ် ရဟန္တာဖြစ် — ၄၂
၄၃။ ဆရာသမား၏အနီး၌ နေတတ်သော
အဇန္တဝါသီတပည့် — ၄၄

| | | |
|---|---|---|
| ၄၄။ | မကြားချင်ယောင် ဆောင်သော တပည့်များ — | ၄၄ |
| ၄၅။ | အင္ဂုဏသာကျမ်းပြုအကျော် အရှင်မဟာဗုဒ္ဓဃောသ — | ၄၅ |
| ၄၆။ | ထိပ်တန်း တပည့်လိမ္မာ — — | ၄၆ |
| ၄၇။ | ဆရာသမားရိုက်လည်း စိတ်မညစ်နှင့် — | ၄၇ |
| ၄၈။ | ဋီကာကျမ်းပြုအကျော် အရှင်ဓမ္မပါလ — | ၄၉ |
| ၄၉။ | တပည့်လိမ္မာလည်းဟုတ် ပညာကျော်ဆရာလည်း ဟုတ် | ၅၀ |
| ၅၀။ | ဆရာကောင်းဖြစ်သော ဆရာတော်ဦးပုံ — | ၅၁ |
| ၅၁။ | တပည့် လိမ္မာလည်းဖြစ် — — | ၅၂ |
| ၅၂။ | ဆရာ့ကျေးဇူးကို များစွာ ဆပ်သော<br>သီရိဓမ္မာသောကမင်း — | ၅၃ |
| ၅၃။ | ပတ္တမြားဖြင့် ဆရာ့ကျေးဇူးဆပ်သော နဂါးလိမ္မာ — | ၅၅ |
| ၅၄။ | မာန်မပြုရသော ပုဂ္ဂိုလ် ငါးဦး — — | ၅၈ |
| ၅၅။ | တပည့်မိုက် — — — | ၅၉ |
| ၅၆။ | တပည့်လိမ္မာ ရသော ငါးရာ — — | ၆၀ |
| ၅၇။ | ဆရာကောင်းထံ ပညာသင်ခဲ့ရသဖြင့်<br>ဒမြသူခိုးမဖြစ်ပဲ မင်းဖြစ် — — | ၆၅ |
| ၅၈။ | ဒိသာပါမောက္ခဆရာကြီး၏ တပည့်လိမ္မာ — | ၆၇ |
| ၅၉။ | တပည့်လိမ္မာ နိဂြောဓသာမဏေ — — | ၇၁ |
| ၆၀။ | တပည့်လိမ္မာ ပုဏ္ဏားလုလင် — — | ၇၄ |
| ၆၁။ | တပည့်လိမ္မာတို့ ကျင့်ဆောင်ရန် အကျွရာ ရှစ်လုံး — | ၇၆ |
| ၆၂။ | သုစိပုဘာ ဆုံးမစာ — — | ၇၉ |
| ၆၃။ | ပညာမရ ဒုက္ခတွေကြုံ အဖုံဖုံ — — | ၈၁ |
| ၆၄။ | ဆရာ ချစ်အောင်လုပ်၊ ဆရာ ကာမပြန်နှင့် — | ၈၂ |
| ၆၅။ | ပညာထိုးထွင်းတတ်လိုလျှင် မပျင်းမရိနှင့် — | ၈၄ |
| ၆၆။ | ပညာတတ်လျှင် ကြံအောင်မြင် တွင်တွင်ဥစ္စာရ — | ၈၄ |
| ၆၇။ | ပညာရှိရင့် ပွဲလယ်တင့် ကြီးမြင့်အသရေကြွ — | ၈၅ |

၆၈။ ပညာကိုရှာ ကိုယ်ခန္ဓာ မညှာမငဲ့နှင့် — ၈၆

၆၉။ ဆရာကို မထိမဲ့မြင်ပြုက နောင်တကြီးစွာ ပူပန်ရတတ် ၈၇

၇၀။ ဆရာ့စကား နားမထောင်သဖြင့် ဈာန်ရကိုယ်ရှင်
မျက်စိတဖက်ပျက် ရက်ကန်းသည်မနှင့် ငြားရ — ၈၈

၇၁။ တပည့်လိမ္မာ ဖြစ်ခအောင် ကြိုးစား — ၉၁

၇၂။ ဆရာ့ကောင်းထံနည်းနာခံ၍ပြန်ရောက်လျှင် ရှင်ဘုရင်ဖြစ် ၉၃

၇၃။ မှီခိုအားထားရာ ဆရာသမားကောင်း — ၉၄

၇၄။ ပဉ္စမအရွယ် ပညာကြွယ်အောင်သင် — ၉၅

၇၅။ အတတ်ပညာ မသင်စေက မိဘသည် ရန်သူမည် — ၉၇

၇၆။ အနန္တ ငါးပါး ဘုရားရှိခိုး — — ၉၉

၇၇။ တပည့်လိမ္မာကျမ်း အပြီးသတ်ခြင်း — ၁၀၁

၇၈။ အရှင်မကလာသ ပြုစုသောကျမ်းစာများ — ၁၀၄


—⊹⊹—

# နိဒါန်း

## တပည့်လိမ္မာကျမ်းကျမ်းဦးမှတ်ဖွယ်

**ဆရာနှင့် တပည့်။** ။လောကမှာ ဆရာရှိသည်၊ တပည့်ရှိသည်။ ဆရာသည် တပည့်၏ အားထားမှီခိုရာ ဖြစ်သည်။ တပည့်ကို ဆရာသည် ကျနစွာ ပညာသင်ကြားပေးရမည်။ တပည့်ကို လက်ခံထားပြီး ပညာကောင်းစွာ သင်မပေးခဲ့လျှင် တပည့်ကို ဖျက်ဆီးရာ ရောက်သည်။ တပည့်ကလည်း ဆရာ့စကားကိုမြေဝယ်မကျ နားထောင်၍ သက်ဆိုင်ရာ ပညာရပ်ကို သင်ရမည်။

**ဆရာကောင်းမှ တပည့်ကောင်း ဖြစ်နိုင်။** ။တပည့်သည် မည်မျှ ဉာဏ်ကောင်းစေကာမူ ဆရာကောင်းနှင့် တွေ့မှ အထွတ်အထိပ်ရောက် ပညာတတ်မြောက်နိုင်သည်။ အရှင်သာရိပုတ္တရာ လောင်းလျာ ပရိဗိုဇ်သည် တသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်ထားသည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။ ယင်းပုဂ္ဂိုလ်ကြီးသော်မှ အရှင်အဿဇိနှင့် တွေ့၍ တရားနာလိုက်မှ သောတာပန်တည်သည်။ ''သိန္ဓဝဇာပျံ မြင်းကောင်းပင်မျှန်သော်သည်း ဇက်ကိုင်သူ မကောင်းက လမ်းကြောင်းသို့

မလိုက်နိုင်” ဟူသည်နှင့်အညီ သိန္နောမြင်း ဖြစ်လင့်ကစား မြင်းစီးသူရဲ ဇက်ကိုင်သူ မကောင်းလျှင် လမ်းကြောင်း ကောင်းကောင်း မလိုက်နိုင်သကဲ့သို့ဘည်း။

**ပညာမသင်ပဲ ပျင်းနေလျှင် ဉာဏ်စတုံးမည်။** ။တပည့် သည် ဆရာကောင်းနှင့် တွေ့ပြီဆိုလျှင် ဆရာကောင်းထံမှာ မ ခွါလေနှင့်။ အိပ်ချိန် စားချိန် ကိုယ်လက်သုတ်သင်ချိန် ချန်ပြီး ကျန်သမျှအချိန် အတတ်ပညာသင်မှုနှင့် အချိန်ကို သုံးပါ၊ ပညာ မသင်ပဲ ပျင်းနေလျှင် ဉာဏ်စတုန်းသွားတတ်ပါသည်။ သို့ဖြစ်၍ ပညာရှင်တို့က “ပညာမသင် ပျင်းရှိလျှင် လူတွင် ဉာဏ်စတုံးတတ်သည်”' ဟု မိန့်ဆိုတော်မူကြသည်။

**ဆရာသမားအား မပြစ်မှားမိစေနှင့်။** ။တပည့်သည် ဆရာကို မပြစ်မှားမိရန် ထာဝစဉ် သတိပြုရာ၏။ ဆရာကို ပြစ် မှားသူသည် ကိုယ့်ကြီးပွားရေးကို ဖျက်ဆီးသူနှင့် တူသည်။ ဆရာသည် မိမိအား ပြစ်မှားထားသည့် မိမိအပေါ် အမှားပြု မူထားသည့် တပည့်ကို ကြီးပွားရေး လမ်းညွှန်ဖို့ တဖန်ထပ် ဆင့် ဆရာကောင်း သမားကောင်းထံ အပ်နှံပေးချန် မလွယ် တော့ချေ၊ ၎င်းပြင် ဆရာသမားအား ပြစ်မှားမိသော တပည့် ၏ သင်ကြားပြီး အတတ်ပညာလည်း သဲသဲ ရေသွန်သည့်ပမာ ပျောက်ပျက်တတ်လေသည်။ ထို့ကြောင့် “ဆရာတို့အား ကျူးလွန်မှား သင်ကြားပညာပျောက်ပျက်တတ်သည်” ဟု မိန့်ဆိုတော်မူကြသည်။

---

၁။ သုဘာရှိတနာသုံးမစဉ်။ ၂၇၀–ပိုဒ်။

ဆရာထံ ချဉ်းကပ်ပုံ။ ။တပည့်လိမ္မာသည် အကြောင်းရှာ၍ ဆရာထံ ချဉ်းကပ်ရမည်၊ ဆရာနား ပြုလုပ်စရာရှိသမျှ အမှုကိစ္စများကို ပြုလုပ်ပေးခြင်းဖြင့်လည်း ဆရာထံ ချဉ်းကပ်နိုင်သည်၊ ဆရာသမားအား ဥပုသ်နေ့(စနေ တနင်္ဂနွေ)နေ့များတွင် ချဉ်းကပ်၍ ငတ်ဖြည့်ပေးခြင်းဖြင့်လည်း ချဉ်းကပ်ရာ၏။ ထိုထို ဤဤ ခရီးသွားခါနီး ပန်ကြားလျှောက်ထားခြင်းဖြင့်လည်း ဆရာထံ ချဉ်းကပ်ရာ၏။ ဆရာထံ ချဉ်းကပ်ပါများ၍ ဆရာက တပည့်လိမ္မာမှန်း သိလျှင် ပညာချန်ထားပဲ သင်ပေးပါလိမ့်မည်။ ရင်းပြင် အခက်အခဲရှိလျှင်လည်း ကူညီပါလိမ့်မည်။ ထို့ကြောင့် "ဆရာကို ချစ်စေလိုသော် ချဉ်းကပ်၊ အရပ်ကို ချစ်စေလိုသော် ပေးကမ်း" ဟု ဆိုရိုးပြုတော်မူခဲ့ကြသည်။

တပည့်လိမ္မာကျမ်း ပြုစုရေးသားခြင်း။ ။မိမိသည် ဆရာ့ မြတ်ကျေးဇူးကျမ်း ရေးသားရင်း တပည့်လိမ္မာ ရေးရန် စိတ်ကူးမိလာသည်။ တပည့်လိမ္မာ ကျမ်းစာတခု ရှိရန်လိုအပ်သည် ဟု ထင်မြင်လာသည်။ သို့ဖြစ်၍ ဤမည်သော တပည့်လိမ္မာ ကျမ်းကို ပါရာဇိကပ ဋ္ဌိ၊ အဋ္ဌကထာ ကျမ်းများ ခုပ္ပိခြင်း ကိစ္စ၊ ဝိနည်းမဟာဝါ ပါဠိ၊ အဋ္ဌကထာကျမ်းများကို ပို့ချခြင်း ကိစ္စ၊ ကျောင်းရှိ တပည့်တပန်း သာမဏေများကို ဩဝါဒပေး၍ စောင့်ရှောက်ခြင်း စသည့် များလှတွေပြား အလုပ်ကိစ္စတွေ ကြားမှ ရသမျှ အချိန်ယူ၍ ဘုရားဟော ပိဋကကျမ်းဂန်များ နှင့် ယင်း၏ အဖွင့်ကျမ်းဂန်များ၊ မဟာဝံသ စသည့် သီဟိုဠ် သမိုင်းကျမ်းများ၊ သက္ကတနီတိကျမ်းများ၊ ကဝိဒပ္ပဏနီတိ၊

လောကနီတိ စသည့် နီတိကျမ်းများ၊ ဆုံးမစာမျိုးစုံ စသည်တို့ကို မှီငြမ်းပြု၍ ဤမည်သော တပည့်လိမ္မာကျမ်းကို ကြိုးပမ်းပြုစုရာ ယနေ့ ၁၃၄၃-ခုနှစ် ဝါခေါင်လဆုတ် (၁၃)ရက်နေ့တွင် ပြီးဆုံးပါသည်။

တပည့်လိမ္မာဆရာကောင်းဖြစ်အောင် ကြိုးပမ်းကြ။ ။မိမိများလှုထွေပြား အလုပ်ကိစ္စတွေကြားမှ ရေးသားစီရင်အပ်သည့် ဤတပည့်လိမ္မာ ကျမ်းရွှေစာကို သေချာစေ့ငု ကြည့်ရှုလေ့လာပြီး ရှေးဦးစွာ တပည့်လိမ္မာဖြစ်အောင် ကြိုးပမ်းရာ၏။ တဖန် တဆင့်တက်၍ အမျိုးဘာသာ သာသနာပြု ဆရာသမားကောင်းဖြစ်အောင် ကြိုးပမ်းနိုင်ပါစေ ဟု ဆန္ဒပြုရင်း ဤကျမ်းဦးမှတ်ဖွယ်ကို လက်စသတ်လိုက်ပါပြီ။

ဆရာသခင် ကျေးဇူးရှင် သင်လျှင်ဆည်းကပ်ပါ။
ဆရာ့မြတ်ဂုဏ် အဖုံဖုံ ယုံကြည်မြတ်လေးပါ။
ဆရာသမား ပုဂ္ဂိုလ်အား လေးစားရိုသေပါ။
ဆရာချစ်ခင် ခံရလျှင် အစဉ်ကြီးပွားမှာ။

အရှင်ကေလာသ
ဓမ္မာစရိယ, ဂဏဝါစက, ဘီအေ(ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။
၁၃၄၃ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၃-ရက်၊

# တပည့်လိမ္မာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမ, ပဋိညာဉ်

ဘုရားတရား သံဃာအား ညွတ်တွား ဝန္ဒနာ။
တပည့်လိမ္မာ ကျမ်းရွှေစာ မြန်စွာ ရေးပိမ့်ငါ။
လေ့လာမှတ်သား ကျင့်သူအား ကြီးပွားတိုးတက်မှာ။

မိမိသည် ဆရာမြတ်ကျေးဇူးကျမ်းကို ရေးစီရင်အပြီး တပည့်လိမ္မာ အမည်ရှိသော ကျမ်းငယ် တကျမ်းကို ရေးသားစီရင်မည်ဖြစ်သဖြင့် ''ဘုရားတရား သံဃာအား ညွတ်တွားဝန္ဒနာ'' အစရှိသော ရတနာ ၃ ပါးကို ရှိခိုးခြင်းနှင့် ပဋိညာဉ်ကို ပြုပါသည်။ လေ့လာမှတ်သား ကြည့်ရှုပြီး ကျမ်းစာလာသည့်အတိုင်း ပြုကျင့်လုပ်ဆောင်ပါက ကေန်မုချ လောကီ လောကုတ္တရာ ၂ ဖြာကောင်းကျိုး ပွားတိုးပါလိမ့်မည်။

## ဆရာပြောစကား နာယူလိုသောကြောင့် တပည့်

"တပည့်"ဟူသော မြန်မာစကားသည် ပါဠိအခေါ်အဝေါ် "သိဿ" ဖြစ်သည်။ ယင်း "သိဿ" ဟူသော ပုဒ်ကို "သောတုံ ဣစ္ဆတီတိ သိဿော"ဟု သဒ္ဒါဆရာတို့ ဝိဂြိုဟ်ပြုကြသည်။ ဆရာသမား ပြောဆိုဆုံးမသည်ကို လေးစားကြည်ဖြူ နာယူတတ်သောကြောင့် တပည့်မည်၏ ဟူလို။ သို့ဖြစ်ရာ တပည့်ဖြစ်သော ပုဂ္ဂိုလ်သည် ဆရာသမားစကားကို လေးစားကြည်ဖြူနာယူပါလေ။ ဆရာကောင်း သမားကောင်းများသည် မိမိတပည့်ကို ကြီးပွားစေလိုကြသည်၊ တိုးတက်စေလိုကြသည်၊ ချမ်းသာစေလိုကြသည်၊ ကြွယ်ဝစေလိုကြသည်၊ အတတ်ပညာတတ်မြောက်စေလိုကြသည်၊ တက္ကသိုလ်ပါမောက္ခချုပ်ကြီး၊ တက္ကသိုလ်ပါမောက္ခ ဆရာ ဆရာမ နည်းပြဆရာ စသည် ဖြစ်စေလိုကြသည်။ သို့ဖြစ်၍ဆရာကောင်း သမားကောင်းတို့၏ စကားကို လေးစားကြည်ဖြူ နာယူရာ၏။

(ဆောင်) ဆရာသမား ပြောစကားကို
မမှားကေန် နာခံပေတတ်
ယင်းဗျုပ္ပတ်ကြောင့် ခေါ်အပ်သိဿ
ဝေါဟာရတည်း အာစရိယတွင်
အရှင်ဆရာ မိန့်မှာပြောကြား
မြတ်စကားကို မမှားပုံသေ
နားထောင်လေ အသရေတိုးကြောင်းတည်း။

## ကြပ်ကြပ်နှိပ်၍ ပြောဆိုဆုံးမသော ဆရာကို များစွာ ချဉ်းကပ်

လောက၌ ဆရာ ၂-မျိုးရှိသည်။ ယင်း ၂-မျိုးကား—

၁။ တပည့်တို့ကို ချော့မော့၍ ပေါ့ပေါ့လျော့လျော့ **ဆုံးမ** လေ့ရှိသော ဆရာသမား။

၂။ တပည့်တို့ကို တင်းတင်းကြပ်ကြပ် အပြစ်ဖော်ပြ၍ ဆုံးမလေ့ရှိသော ဆရာသမား ဟူ၍ ၂-မျိုးရှိသည်။

ယင်းဆရာ ၂—မျိုးအနက် နံပါတ် ၂အမျိုးအစား ဖြစ်သည့် တင်းတင်းကြပ်ကြပ် နှိပ်ကွက်ကာ အပြစ်ဖော်ပြ ဆုံးမတတ်သော ဆရာသမားကို ဆည်းကပ်၍ မိမိသင်အပ်သည့် အတတ်ပညာရပ်ကို သင်ယူရာ၏။

## တပည့်ကျင့်ဝတ်များ ၅ ပါး

တပည့်တို့ ဆရာသမားအပေါ်၌ မုချ ပြုရမည့် ကျင့်ဝတ် ၅-ပါး ရှိသည်။ ယင်း ၅ ပါးကား—

၁။ အတတ်ပညာကို သင်ကြားရာ၌ လုံ့လဥဿာဟ ဝီရိယနှင့် ထထကြွကြွ ပေါ့ပေါ့ပါးပါး ရှိခြင်း၊

၂။ ဆရာသမား သွန်သင်ပြသ ဆုံးမမှုကို လေးစားကြည်ဖြူ နာယူခြင်း၊

၃။ ဆရာသမား ကြွလာလျှင် ခရီးဦး ကြိုဆို အရိုအသေ ပေးခြင်း။

၄။ ဆရာ့အံနီးအပါး၌ အပြုမပြတ် ခစားလုပ်ကျွေးခြင်း၊

၅။ ဆရာသမား သင်ကြားပေးလိုက်သော ပညာရပ်များကို မမေ့မပျောက်အောင် တွေးကြံခြင်း၊ ညစဉ် ရွတ်အံ သရဇ္ဈာယ်ခြင်း၊ စာပြန်ခြင်းအားဖြင့် ၅-ပါးဖြစ်သည်။

ဤအင်္ဂါ ၅-ပါးနှင့်အညီ ပြုကျင့်လျှင်ကား မုချ ပညာတတ်မည့်သူ ဖြစ်မည့်အပြင် ကျေးဇူးသတင်း ကျော်စောခြင်း အစရှိသော အကျိုးများ ရရှိပြီးလျှင် တမလွန်လောက နောက်ဘဝ၌လည်း လူ့ရိပ်နတ်ထံ ကောင်း ရောက်နိုင်လေသည်

(ဆောင်) တပည့်တာဝန် ကျေပြွန်အောင်
ကျင့်ဆောင်ကြပါလေ။
စိတ်ကျင့်ညီညာ ကျင့်သူမှာ ပညာတတ်မည်ပေ။
ပညာတတ်က ကျိုးဖလ မုချတိုးမည်ပေ။

အသေးစိတ်ကျင့်ဝတ်များ

အိုတပည့်လိမ္မာ စာတော်ဖတ်.... သင်သည် တပည့်တို့ ကျင့်ဆောင်ဖွယ်တို့ကို ဖေါ်ပြထားသည့်အတိုင်း ကြည့်ရှုလေ့လာပြီး ဆရာဖြစ်က တပည့်များကို လိမ္မာရေးခြား ရှိအောင် သွန်သင်

ပေးပါ၊ တပည့်ဖြစ်လျှင်လည်း လေးစားကြည်ဖြူ နာယူ၍ ကျင့်ကြံကြိုးကုပ် အားထုတ်ရာ၏။

## သေသေသပ်သပ် စားသောက် အိပ်နေ

သာသနာ့ဝန်ထမ်း တပည့်များနှင့် လောကီလူသား တပည့်ပုဂ္ဂိုလ်များသည် စားသောက်သည့်အခါ သေသေ သပ်သပ် စားသောက်ရာ၏၊ အိပ်သောအခါလည်း သေသေသပ်သပ် အိပ်ပါ။ အိပ်ရာဝင်လျှင် အနည်းဆုံး "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ=အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်၊ ဘဂဝါဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏" ဟု နှလုံးသွင်းရာ၏။ ဖေါ်ပြပါ နမော တဿကား သူတော်ကောင်းကြီးများ လက်သုံးဘုရားရှိခိုး ဖြစ်သည်။ ၎င်းပြင် အနည်းဆုံး "သတ္တာဝါဥဿုံ အလုံးစုံ အကုန်ကျန်းမာချမ်းသာကြပါစေ" ဟု မေတ္တာ ပို့၍ အိပ်ရာ၏။ ယင်းသို့ဘုရားရှိခိုး၊ မေတ္တာပို့ အိပ်လျှင်ကား အိပ်မက် ကောင်းများ မက်နိုင်သည်။ အန္တရာယ်အမျိုးမျိုးမှ ကာကွယ်နိုင်ပါသည်။

(ဆောင်) ကရောက်ကရက် ကျက်ကျက်ပျောက်ပျောက်
စားသောက်အိပ်နေ မရှိစေနှင့်
သေသေသပ်သပ် စိတ်ယှဉ်စွဲ၍ အမြဲမှတ်။ ၀

---

၁။ တိခ္ခလာကပါဆုံးမစာ။ ၂-ပိုဒ်။

## မျက်နှာသစ်ရေ သွားပွတ်တန်များ ယူ၍ ပေးကပ်

တပည့်လိမ္မာသည်(သားသမီးလိမ္မာသည်) ဆရာသမား မိဘတို့အယင် အိပ်ရာမှစောစော ထပြီးလျှင် မျက်နှာသစ်ရေ တည်ခြင်း၊ သွားတိုက်ဖို့ရန် သွားပွတ်တန် တံပူ ဆားခွက် သွားတိုက်ဆေးများ ထားခြင်းတို့ကို ပြုရာ၏။ သို့မဟုတ် ကိုယ်တိုင်ရိုသေလေးမြတ် ခြေအောက်ကို စုံရှေ့၍ ဆက်ကပ်ရာ၏။ လှမ်း၍ပေးရာ၏။

(ဆောင်) ဆရာသမား မိဘအားကို
နိုးကြားမပြတ် မျက်သစ်တံပူ
လုံ့လကူသည် ယူ၍မပြတ် နေ့တိုင်းကပ်။[၁]

## ဘုရားဝိုင်း ကျောင်းဝိုင်း တံမြက်လှည်း

ဘုန်းကြီးကျောင်းတပည့်များသည် ဘုရားဝိုင်း ကျောင်းဝိုင်းများ၌ အမှိုက်သရိုက်မရှိရလေအောင် တံမြက်လှည်းရမည်။ လူကျောင်းသား ကျောင်းသူတပည့်များသည်လည်း မိမိတို့နေရာ တက္ကသိုလ်ဝင်း ကောလိပ်ဝင်း ကျောင်းဝင်းများကို စုံပေါင်း၍ အမှိုက်သရိုက်များ ရှင်းလင်းသုတ်သင်ရာ၏။ ဘုရားရှင်သည် တံမြက်လှည်းခြင်းအကျိုး ၅–ပါးကို ဟောတော်မူသည့်အကျဉ်းဆောင်ပုဒ်ကား–

---

၁။ တိဝေလာကပါဆုံးမစာ။ ၃–မှိုင်း။

ကိုယ်တိုင်သူများ နှစ်ပါးစိတ်ကြည်၊
ဒေဝါထင်ရှား သနားချစ်သည်၊
လူ့ဂုဏ်ကြွား၍ ဘုရားမိန့်သည်၊
တံမြက်ရှင်း လယ်ငင်းကျိုးငါးမည် ဖြစ်၏။

(ဆောင်) ဘုရားဖြေရင်း ကျောင်းသားလင်းတွင်
မြက်သင်ပင်ကို မြင်လျှင်မဖယ်
မတင့်တယ်သော် လယ်၍မပြတ် တံမြက်ခတ်။

## သောက်ရေအိုး ရေမရှိလျှင်ရေလောင်းပါ၊ သွား၍ခပ်ပါ

တပည့်လိမ္မာသည် မိမိကျောင်း၌ သောက်ရေအိုးရေမရှိလျှင် အနီးမှာရေအိုးကြီးရှိလျှင် ယင်းရေအိုးကြီးထဲမှ ခပ်ယူလောင်း ထည့်ရာ၏။ သို့မဟုတ် တိုင်ပင်ညီညွတ်ခေါ်ငါ၍ ရေတွင်းရေကန် ရှိရာသို့ သွားရောက်ခပ်ယူကာ လောင်းထည့်ရာ၏။

(ဆောင်) သုံးဆောင်ရေနှင့် သောက်ရေအိုးတွင်
ရေနည်းမြင်သော် ခေါ်ငင်ညီညွတ်သွား၍ခပ်။

---

၁။ တိလောကပါဆုံးမစာ။ ၅—၀၆။

## ဆရာသမား၏ အာတ်အထည် စသည် လှမ်း.ယူရမည်

တပည့်လိမ္မာသည် ဆရာသမား ခရီးဝေးမှ ပြန်လာသည်ဖြစ်စေ ခရီးနီးတနေရာမှပြန်လာသည်ဖြစ်စေ ဆရာသမားလက်ထဲမှာစာအုပ် စာဘမ်း ဖိုင်နှင့် ထီး စသည် တခုခုပါလာလျှင် လှမ်းယူရမည်၊ ဆရာသမား၏ အာတ်အထည် (သက်န်း) စသည်တို့ ချွေးစွန်းလျှင် နေပူဘွင် ဖြန့်လှား၍ ချွေးချောက်လျှင် ခေါက်၍ သိမ်းထားရမည်။

(ဆောင်) ခရီးပန်းပင် လာသည်မြင်သော်
အလျှင်ယူလှမ်း ဝတ်သက်န်း ကို ချွေးစွန်း.မှုကား
နေပူဖြန့်လှား သွေ့းခေါက်ထား။

## အိုက်နေလျှင် ယပ်လေခပ်ပေး

တပည့်လိမ္မာသည် ခရီးဝေးမှ ပြန်လာသောဆရာသမားကို အပန်းပျောက်ခြင်းငှာ သောက်ရေချမ်းဆက်ကပ်ခြင်း ပေးခြင်း စသည်တို့ကိုပြုရာ၏။ တခအောက်တခဏ အနားမှာနေ၍ ယပ်လေခပ်ပေးပါ။ဆရာသမား အပူထဲက ပြန်လာရာ ပူလွန်း၍ ရေချိုးလိုလျှင် မချိုးရန် တားမြစ်ရာ၏။ "ဆရာခဏ ဆိုင်းတော်မူပါ။ တအောင့်သေး အေးလာအောင် စောင့်ဦး" စသည်ဖြင့် ချိုသာစွာ မေတ္တာရှေ့ထား လျှောက်ထားပြောကြားရာ၏။

---

၁။ တိဒ္ဓလာကပါဆုံးမစာ။ ၉–၀ိုဒ်။

(ဆောင်) ရေချမ်းကပ်လျက် ခြေလက်ဆုတ်နယ်
မှုကြီးငယ်ကို လွှဲဖယ်မသွား
ယပ်လေခပ်၍ နေထံပါး။[၁]

စကားကျယ်ကျယ်မပြောနှင့်၊ ကြမ်းသာသာနင်း
ကုန်းကွ၍သွား

တချို့တပည့်များသည် အလိုက်မသိတတ်ကြ၊ ဆရာသမား အိပ်နေလျှင် (ကျိန်းနေလျှင်) ကျယ်ကြီးဟစ်အော်စကားပြော တတ်ကြသည်။ ကြမ်းနင်းလျှင်လည်း နာနာနင်းတတ်ကြသည်။ ယင်းသို့ပြုမူခြင်းကား တပည့်ကောင်းတို့၏ အပြုအမူမဟုတ်ချေ။ တပည့်လိမ္မာသည် ဆရာသမားအိပ် (ကျိန်း)နေလျှင်စကားတိုး တိုးပြောရာ၏။ တယောက်ယောက် ကျယ်ကျယ်ပြောလျှင် "ဆရာအိပ်နေတယ်လေ ကိုယ့်လူ .. တိုးတိုး တိုးတိုး" ဟု တား မြစ်ရာ၏။ ကြမ်းကိုလည်း သာသာယာယာနင်းရာ၏။ ၎င်းပြင် ဆရာသမားအနီးက သွားသောအခါ ကုန်း၍ ဆရာက ရဟန်း ဖြစ်လျှင်ကုန်းပြီး လက်အုပ်ချီ၍ သွားရာ၏။

(ဆောင်) ကိုယ်လက်ဖိန်း၍ ကျိန်းစက်သောခါ
တစာစာနှင့် ပြာပြာလောင်လောင်
တဟောင်ဟောင်သည် ခေါင်ခေါင် ကြမ်းကို
မနင်းနှင့်။

---

၁။ တိလောကပါဆုံးမစာ။ ၁၀ –မိုဒ်။

ရှိုင်းစိုင်းနီးကပ် မကိုင်းညွတ်ပဲ
မတ်တတ်ထိုး၍ မသွားနှင့်။[၁]

## ရှိရှိသေသေချဉ်းကပ်၊ စားမည်လားဟု မမေးရ

ဆရာသမားအား စားဖွယ်သောက်ဖွယ်ပေးကပ်လျှင် ရှိရှိသေသေ ခြေထောက်စုံချပ်ပြီး လက်၂–ဖက်ဖြင့်ကပ်ရာ၏၊ ပေးရာ၏၊ ဆရာက ရဟန်းဖြစ်လျှင် ဘုဉ်းပေးမည်လား စားမည်လား မမေးလေနှင့်၊ လူဆရာ လူတပည့်ဖြစ်လျှင်လည်း ဆရာကြီး စားမည်လား မမေးနှင့် ဆရာကြွလာလျှင်ကား ငါ့ကိုချီးမြှောက်တာပဲဟု သဘောထား၍ စားကောင်းသောက်ဖွယ်များဖြင့် ဧည့်ဝတ်ပြုရာ၏။

(ဆောင်) စားဖွယ်စားရာ ကပ်သောခါလည်း ချဉ်းလာနီးစေ
ခြေစုံနေ၍ ရိုသေကိုင်းညွတ် ချဉ်းရှိကပ်။
ဘုဉ်းပေးဆိုတမ်း ရဟန်းတို့အား စားမည်လားဟု
စကားသည့်နှယ် မမေးနှင့်။[၂]

## ဦးဦးဖျားဖျား မစားနှင့်

တပည့်လိမ္မာ သားသမီးလိမ္မာသည် ဆရာအယင် မိဘအယင် ဦးဦးဖျားဖျားမစားလေလင့်။ "ဦးဦးဖျားဖျားစားလျှင် ခေါင်းဖြူတတ်၏" ဟု လူကြီးသူမများက တပည့်သားသမီး လူငယ်တို့

---

၁။ တိလောကပါဆုံးမစာ။ ၁၁ – ၁၂ –ပိုဒ်။
၂။ တိလောကပါဆုံးမစာ။ ၁၃၊ ၁၄–ပိုဒ်။

အား ပြောဆိုဆုံးမနေကြသည်။ တကကိုလ်ကောလိပ် အဆက။ အလက။ အမက ကျောင်းများ၌ ရံခါ စားပွဲ ညစ်ပွဲများ ပြုလုပ်တတ်သည်။ ထိုအခါ တပည့်များက အယင်ရောက်ပြီး ဦးဦးဖျားဖျား မစားမသောက်ကြသေးပဲ ဆရာကြီးများ ဆရာ ဆရာမများရောက်၍ စုံလင်မှ ခင်းဆွဲဆွဲစားသောက်ရာ၏၊ ရင်းပြင် ဆရာသမား မိဘထားသည့် အရာဝတ္ထုကိုလည်း တိတ်တိတ်ခိုး မယူနှင့်၊ ယူလိုလျှင် ပြောကြားပြီးမှ ယူရာ၏။

(ဆောင်) မိဦးဘဦး ဆရာဦး ခူး၍အလျှင်မစားနှင့်၊
မိဘဆရာ ထားသည့်ဟာကို မှုက်နှာကွယ်လျှင်
မယူဝင်နှင့် လိုချင်သောအား စာချင်ပြောက
ဝတ်ထွားယေ တောင်းပါကြ။

## ပစ္စည်းပစ္စယများကို သေသေသပ်သပ်ထား

တပည့်လိမ္မာသည် ဆရာတော်ကြီး၏ ကျောင်းမှာဖြစ်စေ ဆရာဆရာမတို့၏ အိမ်မှာဖြစ်စေ ပစ္စည်းပစ္စယ ရင်းရင်းယင်ယင် ထားသည်ကိုမြင်လျှင် သေသေသပ်သပ် ပြုလုပ်သိမ်းဆည်း၍ ထားရာ၏။

(ဆောင်) ကျောင်းတွင်အိမ်တွင် မသန့်စင်၍
မြင်သည်ရှိသော် ယူငင်သိမ်းဆည်း
အထည်သို့ပြော ကောင်းကောင်းထား။

## ဆရာခေါ်လျှင် မြန်မြန်သွား

တချို့တပည့်များသည် ဆရာသမားခေါ်လျှင် မကြားချင်ယောင် ဆောင်တတ်သည်၊ တချို့တပည့်များ အဝေးတောင်ရှောင်သွားတတ်ကြသည်၊ တချို့တပည့်ညစ်တွေ ဆရာခေါ်လျှင် မသွားမတန်း ကတိကဝတ် ပြုတတ်ကြသည်။ ဤကဲ့သို့ မပြုလုပ်ရာ၊ တပည့်လိမ္မာသည် ဆရာခေါ်သည်ဟု ကြားသိလျှင် ခဏချက်ချင်း သွား၍ လက်အုပ်ချီ သို့မဟုတ် ရိုသေစွာ သွား၍ ဆရာသမားခိုင်းမှာကို စောင့်မျှော်၍ နေရာ၏။ ကိစ္စရှိ၍ သွားလျှင်လည်း အမြန်ပြန်ခဲ့ရာ၏။

(ဆောင်) အမှုနည်းများ ခန့်ထား ရှိသော်
တခွန်းခေါ်က ကြားသော်ခဏ ချဉ်းကပ်ကြ။
ကိစ္စရှိငြား သွားသည်များ
လျှင်လျှားခဏ လာပါကြ။[၁]

## နေမကောင်း ထိုင်မသာရှိလျှင် ဝိုင်းဝန်းကူညီကုသကြ

ဘုန်းတော်ကြီးကျောင်းများရှိ တပည့်များဖြစ်စေ၊ တက္ကသိုလ် ကောလိပ်-စသည့် ကျောင်းများရှိ တပည့်များဖြစ်စေ တယောက်တယောက် နေမကောင်းလျှင် ဝိုင်းဝန်းကူညီ ကုသရာ၏။ ရပ်ဝေးမှာ ဆွေမျိုးမရှိ မိမရှိ ဘမရှိ အချင်းချင်း အားပြု၍ နေကြသည်ဖြစ်ရာ ကူညီကြပါ၊ စောင့်မကြပါ၊ ကုသကြပါ။

---

၁။ တိလောကပါဆုံးမစာ။ ၁၉-၂၀-ပိုဒ်။

(ဆောင်) ဖျားနာကျောင်းတွင် ရှိခဲ့လျှင်သော်
ကြင်ကြင်နာနာ ဆေးဝါးကု၍ လုပ်ကျွေးကြ။

## စာသင်ကျောင်းတိုက်များက သာမဏေများ

သံဃာ့အရံ ဗိမာန် စာသင်ကျောင်းတိုက်ကြီးများ၌ သီတင်းသုံးကြသော သာမဏေများသည် ဦးပဥ္စင်းများကို အစ်ကိုလိုသဘောထား၍ တိုက်ပိုင်ဆရာတော်၊ အကြီးအကဲ ဂဏဝါစကစာချဆရာတော်များကို မိဘကဲ့သို့ သဘောထား၍ သီတင်းသုံးနေထိုင်ရာ၏။ ၎င်းပြင် အသက်သိက္ခာ ဝါကြီးသူများကို ငယ်သူများက လေးလေးစားစား နေထိုင်သီတင်းသုံးရာ၏။

(ဆောင်) သီတင်းသုံးချင်း မျှစ်ဟုန့်ပြင်းသည့်
ပဥ္စင်းနှင့်ရှင် ညီသွင်အစ်ကို လွန်ကြည်ညိုသည်
ဆရာ့ကိုမိဘ မှတ်ကာကြ
အသက်ကြီးငယ် ဝါကြီးငယ်ကို
လွှဲဖယ်မသေ့ နိမ့်ချလေ။

## ဆရာသမား ကြီးသူများခေါ်လျှင် ရိုသေစွာ ချဉ်းကပ်

လောက၌ ဆောင့်ကြွားကြွားနှင့် ထောင့်မကျိုးသူကို ဆရာသမားများ တပည့်မတော်ချင်ကြ။ တပည့်ဖြစ်၍ကျောင်းရောက်မိလျှင်လည်း သည်ပုဂ္ဂိုလ် မြန်မြန်ကျောင်းမှ ထွက်ခွါသွားလျှင်

၁။ တိဝ္ေလာကပါဆုံးမစာ။ ၂၁ – ပိုဒ်

ကောင်းလေစွာဟု အကြံအစည် ဖြစ်ကြသည်။ အရာရှိ အကြီးအကဲများကလည်း ဆောင့်ကြွားကြွား ထောင့်မကျိုးသူကို ရာထူးပင် မခန့်ချင်ကြ၊ အဘူသည်း မသွားမလာ မနေထိုင်ချင်ကြ။ သို့ဖြစ်၍ ဆရာသမား အကြီးအကဲကခေါ်လျှင် ဘုရား ကျွန်တော် ကျွန်မ စသည်ဖြင့် ရိုသေ သစ်လွင်လှသော စကားလုံးများကို ပျားသကာလို နားဝင်ချိုအောင် ပြောဆိုလျက် လက်ခြေများ ဖုံးအုပ်ပြီး တည်ဘည်ငြိမ်ငြိမ် ချဉ်းကပ်ပြောဆိုရာ၏။

(ဆောင်) ရိုသေတုပ်ကွ ဆည်းကပ်ကြလျက် နေ့ညကြည်ဖြူ
နည်းခံယူ၍ ကြီးသူခေါ်က ကြွကြွလည်လာ
ဗျာဗျာကျွန်ုပ် ပုဆစ်တုတ်လျက် ဖုံးအုပ်ခြေလက်
လွန်ငြိမ်သက်သည် ကျောင်းထွက်လူပေ ဆိုရစေ။

အမြင့်က မနေနှင့်၊ ဒူးဆောင် ပေါင်ကား၍လည်း မနေရာ

ဆရာသမားက ကြမ်းပြင်ပေါ် ဖျာ သင်ဖြူးခင်းပြီး စာကြည့်နေလျှင် အနီးတွင် ကုလားထိုင်ပေါ် ထိုင်နေသောဘည့်တိုကို တွေ့ဘူးသည်၊ တချို့ ဒကာများလည်း ဘုန်းကြီးများ ဆွမ်းဘုဉ်းပေးနေစဉ် မလှမ်းမကမ်းက ကုလားထိုင်တန်းလျားပေါ် ထိုင်နေသည်များကို တွေ့မြင်ဘူးပါသည်။ လုံးဝ မလျော်ချေ။ တပည့်လိမ္မာသည် ဆရာ့နေရာထက် မြင့်သော အရပ်က မနေထိုင်ရာ။ ၎င်းပြင်ဆရာသမား၏ ရှေ့တူ့ တူ့က ဖြစ်စေ အနီးအနားကဖြစ်စေ ဒူးဆောင်ပေါင်ကားမနေမိအောင်သတိပြုရာ၏။

(ဆောင်) ဆရာနေခင်း အင်ပျဉ်ညောင်စောင်း
လည်းလျှောင်းဘုံလျှို ထိုထိုထက်မှာ
မနေရာသည် မြင့်ရာမသင့် မထိုင်နှင့်။
ရှေ့ကစုံဝင် ဒူးလက်ကိုထောင်
ထိုင်ဆောင့်ကြောင်နှင့် ပေါင်ထောင်လက်ကား
အပါးကြပ်ကြပ် မနေအပ်။

## ဘုရားဝတ်ပြု ဝတ်တက်ဝတ်ကပ်ပြုကြ

တပည့်လိမ္မာ ကျောင်းသား ကျောင်းသူများသည် နံနက်ခင်း ကျောင်းဖွင့်ချိန် ကျောင်းတက်သွားရမည် ဖြစ်ရာ ကြိုတင်၍ကိုယ် သက်သုတ်သင် ရေမိုးချိုး အဆာပြေ အနည်းငယ်စားသောက် ပြီး အိမ်ဦး၌ ကိုးကွယ်ထားသည့် ဘုရားဆင်းတုတော်ကို ပန်း ရေကပ် ဦးချပြီးမှ ကျောင်းတက်သွားရာ၏။ မိဘများက ကျောင်းသား ကျောင်းသူ သားသမီးငယ်များကိုသင်ပေးရာ၏။ "သားသမီးမကောင်း မိဘခေါင်း" ဟူသည့်အတိုင်း မိဘများ ၌သာ တာဝန်ရှိပါသည်။

(ဆောင်) ကျောင်းသို့သွားလျှင် ဘုရားရှင်ဦးတင်ဝတ်ချပါ။
ဆွမ်းတော်ပန်းတော် ရေချမ်းတော်
ပူဇော်ကပ်လှူပါ။
ပညာထက်ရန် အကြောင်းတံ ကောန်ဖြစ်စိမ့်ငှါ။

ဘုန်းတော်ကြီးကျောင်းနေ တပည့်လိမ္မာသည်လည်း ညဉ့်တကြိမ် နံနက်တကြိမ် ဝတ်တက်ဝတ်ကပ် ပြုရာ၏။ ကြားထဲ စာတက်ချိန် စာကျက်ချိန်များတွင်လည်း ရံခါ မြတ်စွာဘုရား ဂုဏ်တော်ကို အာရုံပြု ဆင်ခြင်ရာ၏။

(ဆောင်) မွေတော်ခတ်တော် ရုပ်ထုတော်ကို
ဖူးမြှော်မပြတ် ရှေ့ကျောင်းဦးမှာ
ဖြည့်ကြဝတ်တက် နံနက်မိုးသောက်
ချိန်ခါရောက်သော် ဝတ်လျှောက်မပျက်
လက်အုပ်တင်ထား ဘုရားတရားသံဃာ
ရတနာသုံးပါး ဂုဏ်တော်များကို
ကြိုးစားလို့လ ဆောင်တည်ကြ။ [၁]

## ဆရာပေးလိုက်သည့် စာကို ရအောင်ကျက်

ကျွမ်းကျင်ပါးနပ်သော ဆရာသည် တပည့်၏ ဉာဏ်ရည် ဉာဏ်သွေး စွမ်းအားကို သိသည်။ တပည့်ရလောက်သလောက် စာများကို အကျက်ခိုင်းတတ်သည်။ သည်ဂါထာ၊ သည်ပါဠိကို ရအောင်ကျက်ခဲ့ရမည်၊ သည်ဂဏန်း တွက်ခဲ့ရမည်၊ သည်အင်္ဂလိပ်စာ မီးနှင်း မည်မျှ ကျက်ခဲ့ရမည်စသည်ဖြင့် ပေးလိုက်တတ်သည်။

---

၁။ တိဋ္ဌလာဘကပါဆုံးမစာ။ ၄၃–၀၄။

ယင်းသို့ ပေးလိုက်ခြင်းသည် ဆရာက တပည့်အား ရွှေအိုး ငွေအိုး ပေးလိုက်ခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ တပည့်လိမ္မာသည် ဆရာ၏ စေတနာကို သဘောပေါက်၍ ဆရာပေးလိုက်သော သင်္ခန်းစာများ၊ အကျက်ခိုင်းသည့် စာများ အတွက်ခိုင်းသည့် ဂဏန်းများကို ကျေညက်အောင် ကျက်ရာ၏။ မှန်ကန်အောင် တွက်ရာ၏။

(ဆောင်) ငါကသည်စာ သည့်ဂါထာကို မြဲစွာကြပ်မက်
ဆရာအပ်သော် တတ်လှစေချင် ငါ့ကိုသင်ဟု
ထိပ်တွင်လည့်ရွက် လျှင်လျှင်ရအောင်
ကြိုးစားကျက်။[1]

## စကားတပြောပြော ရယ်မော မနေနှင့်

တချို့တပည့်များသည် ဆရာက စာအံစာကျက်ခိုင်းလျှင် စာအုပ်ကို ရှေ့ကထား၍ မျက်နှာက တောင်ကြည့် မြောက်ကြည့် ဟိုကြည့် ဒီကြည့် ကြည့်နေတတ်ကြသည်။ သို့မဟုတ်ပါက ရယ်စရာပြော ရယ်မော၍လည်း နေတတ်ကြသည်။ သည်လို မလုပ်ပါနှင့်၊ စာကို စိတ်ပါလက်ပါ အံပါ "ပညာမတတ် လျှပ်ပေါ်လော သူများနောက်လိုက်သာ"ဟူသည့်နှင့်အညီ ပညာ

၁။ တိဗ္ဗလာကပါဆုံးမစာ။ ၄၄ – ပိုဒ်။

မတတ်လျှင်ကား သူများနောက်လိုက် ဖြစ်တတ်သည်။ သူများနောက်လိုက် မဖြစ်အောင် အမျိုး ဘာသာ သာသနာ အကျိုးပြုသူ ပညာရှင်ဖြစ်အောင် ရည်မှန်း၍ ကြိုးပမ်းအားထုတ်၍ ကျက်ရာ၏။ အံရာ၏။

(ဆောင်) အချိန်တန်၍ စာအံဆိုလျှင် မရှင်မျက်နှာ
မသာမချို ထိုထိုအကြံ ကြီးစွာဖန်၍
မအံဘခါ အံတခါနှင့် မျက်နှာတပါး
စာတခြားလည်း စကား ပြောဟော
တသောသောသည် ရယ်မော၍လည်း မနေနှင့်။[1]

## မှန်မှန်ဖတ် မှန်မှန်ရေး

တပည့်လိမ္မာသည် စာကို မှန်မှန်ကန်ကန် ဖတ်ရာ၏၊ လက်ရေးကိုလည်း လှလှ ရေးရာ၏။ သတ်ပုံမှန်အောင်လည်း ဂရုစိုက်ရာ၏။ စာပေတတ်အောင် ပြုလုပ်သူသည် စာဖတ်လည်း မပျင်းရာ။ စာရေးလည်း မပျင်းရာ။

(ဆောင်) စာပေကျမ်းဂန် အတန်တန်
မှန်အောင်ဖတ်လေမှင့်။
လက်ရေးလက်သား လွှန်သားနား

---

၁။ တိဒ္ဓလောကပါဆုံးမစာ။ ၄၅ – ၄၆။

မမှားလေစေနှင့်။
သတ်ပုံကိုလည်း လွန်သိပ်သည်း
မှန်လည်းမှန်စေမင့်။

## ညဉ့်နက်သန်းခေါင် စာပြန်

''အာဂုံရှိမှ အာဂလူ''ဟု ဆိုရိုးစကားပုံ ရှိသည်။ အာဂုံမရှိပဲနှင့် အာဂလူ မဖြစ်နိုင်။ ပါဠိပညာရှင်ဟု အခေါ်ခံသူသည် အနည်းဆုံး အဘိဓာန်, အလင်္ကာ, ဆန်း, ယာဒ္ဒ ကျမ်းတို့ကို အာဂုံဆောင်ရသည်။ အင်္ဂလိပ်စာ ပညာရှင်ဟု အခေါ်ခံသူသည် အနည်းဆုံး အင်္ဂလိပ်အဘိဓာန်တအုပ်နှင့် အင်္ဂလိပ်သဒ္ဒါ ဂရုမ္မာ တအုပ်လောက် အာဂုံဆောင်ရသည်။ ''မြန်မာစာ ပညာရှင်'' ဟုအမည်ခံသူသည်''ရတု ရကန် ချော်း မော်ကွန်း ပျို့ကဗျာ'' များစွာတို့ကို အရဆောင်ရသည်။ သို့ဖြစ်၍ စာပေသရဖူ ဆောင်း တတ်မြောက်လိုသော တပည့်လိမ္မာသည် နှုတ်ကျက်ထားသည့် စာပေများကို ညဉ့်နက်သန်းခေါင်အထိ အလွတ်ပြန်ဆိုရာ၏။

(ဆောင်) မပျင်းမရိ လုံ့လရှိ၍ သတိအထဲ အရိုးစွဲအောင်
တပေါင်ပေါင်လျှင် သန်းခေါင်ညဉ့်နက်
သင်ကျက်သမျှ စစကုန်စေ
ညကိုအလွတ် ရွတ်နိုင်စေ။ ၁

---

၁။ တိလောကပါဆုံးမစာ။ ၄၈–ပိုဒ်

## ဆရာသမား ဩဝါဒကို ကောင်းစွာ နာယူ

တပည့်လိမ္မာသည် ဆရာသမား မိဘတို့ မိန့်ကြားသည့် ဩဝါဒကို လေးမြတ်ကြည်ဖြူ နာယူရာ၏။ ကြားဖန်များလျှင် ဗဟုသုတ အိုးဖြစ်၍ မိမိဆရာဖြစ်လျှင် ဆရာကောင်း အရာ တည်၍ တပည့်ကောင်းများစွာကို ပေါ်ထွန်းစေနိုင်ပါလိမ့် မည်။ ၎င်းပြင် တပည့်အချင်းချင်းနှင့်လည်း ခိုက်ရန်ဒေါသ မဖြစ်ပါလေနှင့်။ "အဝိရောဓန" ခေါ် တဖက်သားနှင့် မဆန့် ကြင်ပဲ လိုက်လျောညီထွေ ကျင့်ကြံကျိုးကုတ်ပါလေ။

(ဆောင်) အနုသာသန ကျိုးကြောင်းပြပိမ့် မိဘရှေ့ညွှန်
ဆရာမှန်တို့ ပေဘာန်ပဲ့ပြင် ကြားသင်သမျှ
ဩဝါဒကို နားဝမန်လဲ နာမရဲလျှင် လွန်ကဲရှိညွတ်
ဆည်ပူးတတ်သည့် ကောင်းမြတ်ဇာတ
သားမွေးဘ.... ဆုံးမအကား ကျိုးကြောင်းလျားကို
မှတ်သားဝိုက်ဝိုက် ဝမ်းထဲပိုက်လော့ စရိုက်သုံးလတ်
ကျင့်ဝတ်ထူးခြား လူသိုးပါးနှင့် မပြားရောပြွမ်း
ပေါင်းဖက်ကျွမ်းလည်း မဝမ်းမကော
သူ့သဘောကို လိုက်လျောညီထွေ ကျင့်တတ်စေ။[1]

---

၁။ ဂမ္ဘီရသာရ ဆုံးမစာ။ ၁--ပိုဒ်။

## ပညာတတ်လျှင် မဆင်းရဲနိုင်

တပည့်လိမ္မာသည် ဆရာ့အပေါ် ကျင့်ရမည့် တပည့်ကျင့်ဝတ် ၅-ပါးကို ကျေပြွန်စွာ ကျင့်ဆောင်လျက် လိုအပ်သည့် ပညာရပ်ကို သရဖူဆောင်း တတ်မြောက်အောင် သင်ယူရာ၏။ ပညာတတ်လျှင် မဆင်းရဲနိုင်။ သမားတော် ဇီဝကသည် ဂန္ဓာရတိုင်း တက္ကသိုလ်မြို့တော်၌ ဒေသာပါမောက္ခကြီးထံ ၇-နှစ်ကြာမျှ ဆီးပူးခဲ့ရာ အလွန်ကြွယ်ဝသည့် သမားတော်ကြီး ဖြစ်လာသည်။ ဝေလာမပုဏ္ဏားသည် တက္ကသိုလ်မြို့တော်၌ ပညာပညာသင်ကြားခဲ့ပြီး ဗာရာဏသီ နန်းမြို့တော်၌ ထိတ်တန်းကြွယ်သည့် ပုရောဟိတ် ပညာရှင်ကြီး ဖြစ်လာသည်။ သာသနာ့ဝန်ထမ်း ရဟန်းတော်များဖက်တွင်လည်း ပညာရှိ ရဟန်းတော်များသည် ပစ္စည်းလေးပါး လွန်စွာပြည့်စုံပြီး သာသနာပြုလုပ်ငန်းကို ထိရောက်စွာ ပြုနိုင်သည်။ "တိပိဋက ဓရ ဓမ္မဘဏ္ဍာ ဂါရိက အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ အရှင်ဝိစိတ္တာသာရာဘိဝံသသည် ထိပ်တန်း တိပိဋကပညာရှင် ဖြစ်သည့်အလျောက် ပစ္စည်းလေးပါး လွန်စွာပြည့်စုံသည်။ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မင်းကွန်းရွာ မိုးမိဘ်ကုန်း၌ "တိပိဋက နိကာယ" ကျောင်းတိုက်ကြီး တည်ထောင်၍ သာသနာ့အာဇာနည် ရာကျော်တို့အား [illegible]သည်ခရိုအောင် ပစ္စည်း

---

၁။ အကျယ် ဆရာ့မြတ်ခကျေးဇူး ကြည့်။

လေးပါး ထောက်ပံ့လှူဒါန်းကာ ပရိယတ္တိ သာသနာပြုလုပ်ငန်းကြီးကို ပြုလုပ်နိုင်လေသည်။

အမရပူရမြို့ ဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇာနကာဘိဝံသ[၁] သည် စာပေကျမ်းဂန် အရပ်ရပ်တို့၌ လွန်စွာတတ်မြောက် ကျွမ်းကျင်တော်မူသည်။ မဟာဂန္ဓာရုံ စာသင်တိုက်ကြီးကို တည်ထောင်တော်မူ၍ စာသင်သား ရဟန်း သာမဏေတို့အား ပြည့်စုံစွာ ထောက်ပံ့လှူဒါန်း ကူညီ စာပေချို့ကျမ်းဂန်ရေးသား သာသနာပြုတော်မူသည်။

လူလောကမှာလည်း လောကီဖက်ဆိုင်ရာ ပညာထူးချွန်မှု တက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ၊ ကျောင်းအုပ် ကထိကာ၊ လက်ထောက်ကထိက၊ နည်းပြဆရာ၊ ဆရာမ ဆရာ[illegible] စသည် ဖြစ်နိုင်သည်။ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် စသည် ကမ္ဘာ့ထိပ်တန်း ရာထူးကြီးများလည်း ထိပ်တန်းပညာရှင်တို့၏ အရာ ဖြစ်လေသည်။ သို့ဖြစ်၍ ပညာတတ်မြောက်လျှင် ရာထူးဌာနန္တရကြီးတို့ကိုရရှိပြီး အစစအရာရာ ပြည့်စုံတော့သည်သာ။ ထို့ကြောင့်—

"ပညာလွန်ကျူး ဂုဏ်အထူးနှင့်
ကျေးဇူးရှိမူ ထိုသူအား
ခေါင်းပါးဆင်းရဲ ရှိမည်ခဲ"။[၂]

ဟု မိန့်ဆိုတော်မူကြသည်။

---

၁။ ၎င်းဆရာတော်သည် ၁၃၃၉–ခုနှစ် နတ်တော်လဆုတ် ၂ရက်နေ့တွင် ပျံလွန်တော်မူသည်။

၂။ တောင်ဖီလာဆရာတော်၏ [illegible]စု— ၁၀ပိုဒ်။

(ဆောင်) ပညာတတ်လျှင် ကြံ့အောင်မြင်
တွင်တွင်ဥစ္စာရမည်သာ။
ပညာတတ်မြောက် တံခွန်ဆောက်
ယှန်းတောက်ဂုဏ်တေဇာ။
ပညာတတ်လျှင် ဆင်းရဲစင်
ပျော်ရွှင်ချမ်းသာရာ။

## ဉာဏ်နည်းသော စိတ္တနှင့် ဉာဏ်ကြီးသော မိတ္တ

လောက၌ ဉာဏ်နည်းသော တပည့်ကို ဆရာသမားတို့ စိတ်တိုင်းမကျကြ။ ချီးမြှောက်လိုသော်လည်း ဉာဏ်ကမလိုက်သဖြင့် မချီးမြှောက်နိုင်။ အယုတ်သဖြင့် ထုတ်ဖော်၍မချီးကျူးနိုင်ကုန်။ ဉာဏ်ပညာ သွက်လက်ချက်ချာ (ဉာဏ်ကြီး) လှသော တပည့်ကိုမူကား ဆရာသမားတို့ လွန်စွာ နှစ်မြို့ကြသည်။ ချီးကျူးဝမ်းသာ ထောမနာကြသည်။ ဂုဏ်ယူကြသည်။

ရာမတိတ္ထ ဆရာကြီးမှာ စိတ္တအမည်ရှိသော တပည့်တယောက်၊ မိတ္တအမည်ရှိသော တပည့်တယောက်အားဖြင့် တပည့် ၂-ယောက် ရှိသည်။ ထိုတပည့် ၂-ယောက်တို့သည် ဆရာကြီးအိမ်အနီး အခန်း ၂-ခန်းရှိ တိုက်တွင် အခန်းကိုယ်စီဖြင့် နေကြသည်။ ဆရာကြီးသည် အတတ်ပညာ သင်ကြားပေးပြီး တပည့်များကို ဥယျာဉ်ပျိုးသလို ပညာဉာဏ်ကြီးထွား လူလားမြောက်အောင် သင်ပြပေးလေသည်၊

## ဆရာကြီး ဉာဏ်စမ်းခြင်း

ရာမတိတ္တ ဆရာကြီးသည် စိတ္တနှင့် မိတ္တတို့ကို ဉာဏ်စမ်းလိုသဖြင့် တယောက်လျှင် ငွေတကျပ်စီ ပေးလိုက်ပြီး ''တပည့်တို့...ဆရာပေးသော ငွေဟာ တကျပ်တည်းဖြစ်၍ အလွန်နည်းသည်။ သို့ရာတွင် ဆရာပေးလိုက်သော ငွေတကျပ်ဖြင့် အခန်းပြည့်အောင် လုပ်ကြရမည်'' ဟု စေခိုင်းလေသည်။

ထိုအခါ စိတ္တသည် လယ်သမားဘဦးထံ သွားပြီး ကောက်ရိုးတွေ ဝယ်လာပြီး၊ တိုက်ခန်းထဲ အပြည့် ထည့်သွင်းပြီး ''ဆရာကြီး....ကြည့်ရှုတော်မူပါ၊ ကျွန်တော် ဆရာပေးသော ငွေတကျပ် တိုက်ခန်းပြည့်အောင် ပြုလုပ်လိုက်ပါပြီ'' ဟု ဆို၍ ရာမတိတ္တဆရာကြီးအား ပြလေ၏။ ထိုအခါ ရာမတိတ္တဆရာကြီးသည် လွန်စွာ စိတ်ပင်ပမ်းသွားပြီး 'တပည့် စိတ္တ ...မင်း လုပ်ပုံ မကောင်းဘူး'' ဟု ဆိုလေ၏။

မိတ္တကမူ ဈေးသွားပြီး ဆရာပေးလိုက်သည့် ငွေတကျပ်ဖြင့် ဖယောင်းတိုင်ကြီး တတိုင် ဝယ်လာ၍ တိုက်ခန်းထဲ ထွန်းညှိပြီး ''အိုဆရာကြီး.... ဆရာကြီး မိန့်ကြားသည့်အတိုင်း တိုက်ခန်းကို ပြည့်အောင် လုပ်လိုက်ပါပြီ'' ဟု ပြောဆိုလေရာ ဆရာကြီးရာမတိတ္တသည် ဝမ်းမြောက်ဝမ်းသာ သဘောကျသဖြင့် ခေါင်းကို လှုပ်ခါပြီး ''အို တပည့်မိတ္တ.... မင်းသိပ်တော်တယ်ကွာ၊ မင်း ကောင်းစွာ လုပ်တတ်ပေဘယ်၊ ဆရာက သည်ဘပည့်မျိုးမှ သ

ဘောကျသည်” ဟု မိန့်ကြားလေသည်။ ထိုအချိန်အခါမှစ၍ ရာမတိတ္ထဆရာကြီးသည် မိတ္တအား လွန်စွာ ခင်မင်လေသည်။ များစွာလည်း ချီးမြှောက်လေသည်။

ဤဝတ္ထုပုံပြင်၌ စိတ္တသည် ဉာဏ်နည်းသည်။ ဉာဏ်နည်းသဖြင့် စိတ္တအား ဆရာ ရာမတိတ္ထ သဘောမကျ၊ ဘဝင်မကျ ဖြစ်သည်။ မိတ္တသည် ဉာဏ်ကြီးသည်။ ဆရာကြီး ရာမတိတ္ထသည် မိတ္တကို များစွာ သဘောကျသည်။ များစွာလည်း ချီးမြှောက်သည်။

ဤသို့ဖြစ်၍ လိမ္မာထူးခြား ရှိသော တပည့်သည် မိတ္တ၏ လုပ်ဆောင်ချက်ကို အတုယူ၍ အရာရာတွင် ပညာ ဉာဏ် ဖြင့် ဆင်ခြင်၍ ပြုလုပ်ရာ၏။

(ဆောင်) အရာရာတွင် ဉာဏ်နှင့်ယှဉ် သင်လျှင်ပြုလုပ်ပါ၊
ဉာဏ်နှင့်ယှဉ်က လုပ်သမျှ မုချအောင်မြင်မှာ။
ပညာစုံလျှင် ဆရာသခင် ကြည်ရှင်လွန်ဝမ်းသာ။

## ပညာကား အရှည်ခံ၊ ဥစ္စာကား အရှည်မခံ

ပညာနှင့် ဥစ္စာသည် တန်ဘိုးချင်းလွန်စွာ ကွာခြားလှ၏။ ဥစ္စာမှာ ရန်သူမျိုး ၅ ပါးနှင့်ဆက်ဆံသဖြင့် အတည်တံ့မမြဲ အရှည် မခံချေ။ ပညာမှာကား ရန်သူမျိုး ၅ ပါးနှင့် မဆက်ဆံသဖြင့် အရှည်ခံသည်။

၁။ အိန္ဒိယနိုင်ငံ သက္ကတဖတ်စာများမှ

## ပညာမတတ်က လူ့အောက်ကျ

အရှည်မခံသော ဥစ္စာကို ရှာသည်။ အရှည်ခံသော ပညာကို ရှာမှီးသူ၏ အောက်၌ အလုပ်လုပ်ရသည်။

ရှေးက အိန္ဒိယနိုင်ငံ တောင်ပိုင်း စောဠတိုင်း၌ မိတ်ဆွေ ၂-ယောက်တို့ရှိကြသည်။ ယင်း ၂-ယောက်အနက် တယောက်က ပညာခင်သည်။ တယောက်က ဥစ္စာခင်သည်။ သူတို့ ၂ ယောက်စလုံး၏ မိဘတို့ ဥစ္စာဓနဆင်းရဲကြသည်။ သို့ဖြစ်၍ သူတို့ ၂ ယောက် မိဘများ၏ စေခိုင်းချက်အရ နိုင်ငံရပ်ခြားတိုင်းတပါးသို့ သင့်တင့်ရာ လုပ်ကိုင်မည်ဟု သွားကြသည်။

နိုင်ငံရပ်ခြား တိုင်းတပါး ရောက်သောအခါ ပညာခင်မင်သူသည် ကောလိပ်တခု ဝင်၍ ပညာသင်ကြားသည်။ ဥစ္စာခင်မင်သူက သူဌေးတဦးအိမ် ဝင်ရောက်၍ ဈေးဆိုင်တွင် ကူညီရောင်းပေးပြီး ပိုက်ဆံငွေကြေး စုဆောင်းသည်။ ၁၀-နှစ်ကြာပြီးနောက် သူတို့ ၂ ယောက်စလုံး ဇာတိချက်ကြွေ စောဠတိုင်းပြည်သို့ ပြန်လာခဲ့ကြသည်။ ယင်းသို့ ပြန်လာစဉ် လမ်းခရီးအကြား ဒမြ(ဓားပျ) တိုက် ခံရသဖြင့် ဥစ္စာခင်မင်သူမှာ ပါလာသမျှ ငွေအသပြာ ဥစ္စာဓနများ ဒမြ(ဓားပျ)လက်ထဲ ပါသွားလေသည်။

စောဠတိုင်းပြည် ပြန်ရောက်သောအခါ စောဠဘုရင်က သူတို့ ၂ ယောက်လုံးကို ခေါ်ပြီး နိုင်ငံရပ်ခြား တိုင်းတပါးမှ ပညာသင်ကြား တတ်မြောက်လာသူကို မင်းတိုင်ပင်အမတ် ရာ

ထူးပေး၍ ချီးမြှောက်လေသည်။ ဥစ္စာခင်သူမှာ အခြားရာထူး ပေးစရာ မရှိသဖြင့် မိတ်ဆွေ မင်းတိုင်ပင်အမတ်၏ မင်းစေ (ချုံးလုလင်) အဖြစ် ခန့်အပ်ခြင်းခံရလေသည်။

ခေတ်ပြပါ ဝတ္ထု၌ ဥစ္စာခင်သူ (စီးပွားရေးသမား) သည် ပညာရေး သမား၏အောက် များစွာရောက်နေသည်။ သို့ဖြစ်၍ တပည့်လိမ္မာသည် ငယ်ငယ်ရွယ်ရွယ် တပည့်အခိုက် တည်စဉ်ကတည်းက အတတ်ပညာကို ကြိုးစားသင်ယူရာ၏။

(ဆောင်) ပညာဥစ္စာ ညှိနှစ်ဖြာ ပညာကဲလွန်သာ၊
ပညာမရ လျှပ်ပေါ်လှ သူများနောက်လိုက်သာ။
တပည့်လိမ္မာ တတ်ပညာ မှတ်စွာကြိုးကုတ်ပါ။

## လောကအတွင်း ပြောင်ပြောင်ဝင်း

ပညာသည် လောကအတွင်း လွန်စွာ ထင်လင်းသည် ဟု ဘုရားရှင် ဟောတော်မူသည်။ ညအချိန်တွင် လင်းလက်နေသည့် မာကျူရီမီးလုံးကြီးသည် ပစ္စည်းဝတ္ထုတို့ကို ပေါ်လွင်ထင်ရှားအောင် ပြသကဲ့သို့ ပညာအရောင်အလင်းသည် အမှန်ကို ပြောနေသည်။ အတတ်ပညာ တတ်မြောက်ပြီဆိုလျှင် နိုင်းနိုင်းချိန်

---

အိန္ဒိယ သက္ကတ ဇာတ်စာများ။

ချိန် ပြုလုပ်ခြင်း၊ တွေးခေါ်မြော်မြင်ခြင်း၊ စာပေကျမ်းဂန် မျိုးစုံတို့မှ အတွေ့အကြုံ များစွာတို့ကို ရရှိခြင်း စသည်ဖြင့် လူအများကို လမ်းညွှန်နိုင်သည်။

သဗ္ဗညုဘုရားရှင်၏ အတုမရှိသော ပညာတော်သည် ကြောဝဋ္ဋာအနန္တရှိ သတ္တဝါအနန္တတို့အား အသိဉာဏ်ကို ပေးတော်မူ၍ ဦးဆောင်ခဲ့လေသည်။ ယခုသည်ဘုရားရှင် ထားတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ရှိ ကျမ်းစာများက သတ္တလောကအား အသိဉာဏ် ပေးလျက်ရှိလေသည်။ အရှင်သာရိပုတ္တရာ၏ ပညာတော်သည် စကြာဝဠာ တုန်အောင် ကျော်ကြားလေသည်။ အဋ္ဌကထာ ကျမ်းပြုလိမ္မာ အရှင်မဟာဗုဒ္ဓဃောသ၏ အသိဉာဏ်သည် အဋ္ဌကထာများသည် တကမ္ဘာလုံးရှိ ပါဠိပညာရှင်တို့အား အသိပညာကို ပေးနေသည်။ ထို့ကြောင့် "ပညာ လောကသ္မိံ ပဇ္ဇောတော" ဟု ဘုရားရှင် ဟောတော်မူသည်။

## နိုင်ငံတကာ အဆင်းတန်ဆာ ပညာရှင်

ဧရးခြစ်မထင် အထက်မိုးကောင်းကင်၏ အဆင်းတန်ဆာ အလှရတနာကား ငွေသော်တာလမင်း ဖြစ်သည်။ ငွေသော်တာလမင်းကြောင့် မိုးကောင်းကင်တပြင်လုံး လှနေသည်။ ငွေ

---

၁။ ပညာ=ပညာသည်။လောကသ္မိံ=လောက၌။ ပဇ္ဇောတော= ဆီမီးပုံဆောင် အရောင်အလင်း ဖြစ်၏။

သောဘိတာလမင်းကို သူခိုးကလွဲလျှင် ချစ်ကြသည်။ ခင်ကြသည်။ နှစ်သက်ကြသည်။ အမျိုးသမီးမိန်းမတို့၏ အဆင်းတန်ဆာကား လင်ယောကျ်ား ဖြစ်သည်။ "ဘတ္တာ ပညာဏာ မိတ္ထိယာ" လင်ယောကျ်ားသည် မိန်းမ၏ ထင်ရှားကြောင်း ဟုလည်း ဘုရားရှင်က ဟောတော်မူသည်။ လောကနီတိ၌-

"ဣတ္ထိ သောဘာ ဝ သာမိကာ"၂

ဣတ္ထိ= အမျိုးသမီးသည်။ သာမိကာ= လင်ယောကျ်ား အမျိုးသားရှိမှ။ သောဘာ=တင့်တယ်၏ဟု ဆိုသည်။

မြေအပြင်ရှိ တိုင်းပြည်များမှာ မင်းစိုးရာဇာ ရှိမှ တင့်တယ်သည်။ သို့ဖြစ်၍ မင်းကို တိုင်းပြည်၏ အဆင်းတန်ဆာ ဟု ဆိုကြသည်။ ပညာရှိကား အရပ်ရပ် ဒေသအားလုံး၏အဆင်းတန်ဆာဖြစ်သည်။ တကယ်တော့ နိုင်ငံတကာ အဆင်းတန်ဆာ ဖြစ်သည်။

သို့ဖြစ်၍ သက္ကတနီတိများများ၌-

နဘာသိ ဘူသနံ စန္ဒော၊
နာရီနံ ဘူသနံ ပတိ။

---

၁။ သံ၊ ၁။ ၃၉။ ဓဇော ရထဿ ပညာဏံ၊
ဓုမော ပညာဏာ မဂ္ဂိနော။
ရာဇ ရဋ္ဌဿ ပညာဏံ၊
ဘတ္တာ ပညာဏာ မိတ္ထိယာ။
၂။ လောကနီတိ၊ ဣတ္ထိကဏ္ဍ။ ၉၆=ဂါထာ။

ပထဝိယာ ဘူသနံ ရာဇာ၊
ဝိဒ္ဒါ သဗ္ဗတ္ထ ဘူသနံ။

ဟု လာရှိသည်။

**ဂါထာအနက်။** ။နဘသိ=မိုးဝကောင်းကင်၏။ ဘူသနံ= အလှရတနာတန်ဆာကား။ စန္ဒော=ရွှေလမင်းဘည်း။ နာရီနံ= အမျိုး သမီး တို့၏။ ဘူဘနံ=တန်ဆာ ကား။ ပတိ=လင် ယောကျ်ားတည်း။ ပထဝိယာ = မြေအပြင်၏ (တိုင်းပြည်၏) ဘူသနံ=တန်ဆာကား။ ရာဇာ=မင်းတည်း။ သဗ္ဗတ္ထ =အလုံးစုံ သောအရပ်၌။ ဝါ=အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာ၏။ဘူသနံ= တန်ဆာကား။ ဝိဒ္ဒါ=ပညာရှိဘည်း။ ဝါ=ပညာရှင်ဘည်း။

သို့ဖြစ်ရာ တပည့်လိမ္မာသည် အပြည်ပြည်ဆိုင်ရာ နိုင်ငံတ ကာ၏ တန်ဆာပညာရှင်ဖြစ်အောင် မဆုတ်မနစ် ကြိုးပမ်း အားသစ်ပါလော့။

(ဆောင်) ကောင်းကင်တန်ဆာ ငွေသော်တာ
သေချာမှတ်ကုန်ဘိ။
မိန်းမတို့မှာ ဆင်းတန်ဆာ
လင်သာမှတ်လေဘိ။
တိုင်းပြည်၌မှာ ဆင်းတန်ဆာ
မင်းသာမှတ်လေဘိ၊
အပြည်ပြည်ဆိုင်ရာ ဆင်းတန်ဆာ
ပညာရှိဟုသိ။

## မျက်ရှင်အလား ပညာအား

လောက၌ ပတ္တမြားမျက်ရှင်သည် ဤခရွေ့ဤမျှ တန်ဘိုးထိုက်တန်သည် ဟု မည်သည့်စီးပွားရေး ပါရဂူမျှ စျေးမဖြတ်နိုင်ပါချေ။ ကိစ္စဥဿုံ အလုံးစုံကို ပြီးစေနိုင်သောကြောင့် အတိုင်းမသိ အဘိုးတန်ရှိသည်။ ထို့အတူ အတတ်ပညာသည်လည်း ကိစ္စခပ်သိမ်း အလိုခပ်သိမ်း ပြီးငြိမ်းစေနိုင်ရကား အတတ်ပညာကို မည်ရွှေမည်မျှ တန်ဘိုးရှိသည် ဟု မဖြတ်နိုင်ကြချေ။ ထို့ကြောင့် လောကသာရပျို့၌—

> "လူ့ဘောင်လူ့ထွတ် လူမင်းမင်းမြတ်တို့ ထင်မှတ်တန်ဆာ ရတနာ့သို့ မကွာမြဲတည် အားငါးမည်တွင် အထွတ်တင်သား မျက်ရှင်အလား ပညာအားလျှင်"[၁]။

ဟု စပ်ဆိုလေသည်။ ထို့ကြောင့် တပည့်လိမ္မာသည် တသက်လုံး သုံးစွဲမကုန် ဤရွှေ့ဤမျှ ဟု မှန်းဆပိုင်ပိုင် တန်ဘိုးမဖြတ်နိုင်သော "ပတ္တမြားမျက်ရှင်ပမာ" အတတ်ပညာကို တတ်အောင်ကြိုးကုတ်ပါလေ။

---

[၁] လောကသာရပျို့။ ၄၀–ပိုဒ်။

(ဆောင်) ပတ္တမြားမျက်ရှင် ပိုအသွင် လွန်လျှင်ထူးလှစွာ၊
ပညာအသိ သင်ယူတိ အိုတပည့်လိမ္မာ။
ပညာတတ်မြောက် တံခွန်ဆောက်
ထွန်းတောက်ဂုဏ်တေဇာ။

## ပညာမရှိသူ၏ သားသမီးလည်း ထိပ်တန်းပညာရှင် ဖြစ်တတ်

တချို့တပည့်များမှာ မိဘ ဥစ္စာပစ္စည်း မပြည့်စုံကြ။ ယင်းသို့ မိဘများ ဥစ္စာပစ္စည်း မပြည့်စုံသဖြင့် ဆင်းရဲတတ်ကြသည်။ အားမငယ်ကြနှင့်။ တကယ်တော့ အမျိုးယုတ်နိမ့်သူ၏ သားဖြစ်လျက်လည်း မင်းဆရာတော်ကြီးဖြစ်တတ်လေသည်။ ပညာမတတ်သော လူတန်းစား၏ သားသမီးဖြစ်လျက် ပညာတတ်ဖြစ်သည်။ တချို့က ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာ ဦးသန့်သည် ပညာတတ်အမျိုးအနွယ်မဟုတ်ပဲ မြစ်ဝကျွန်းပေါ်ဒေသ ပန်းတနော်မြို့ စက်ပိုင်ရှင် မြေပိုင်ရှင် ဦးဘိုးနှစ်, ဒေါ်နန်းသောင်တို့၏ သားဖြစ်သည်။

ဥစ္စာနေမဲ့သူ၏ သားသမီးဖြစ်သော်လည်း ဥစ္စာဓန ပေါများသူတွေ အများအပြားရှိကြသည်။[၁] သို့ဖြစ်၍ မိမိတို့၏

---

၁။ ဟီနပုဗ္ဗော ရာဇာ မဟေသာ၊ ဗာလပုဗ္ဗော စ ပဏ္ဍိတာ။
အဓနော ဓနံ ပတ္တာ၊ ပုရိသာနံ န မညထ။
(မှလောကနီတိ၊ ကဝိဒပ္ပဏနီတိ)

မိဘက ဥစ္စာမြနဲ့ မပြည့်စုံသော တပည့်လိမ္မာတို့သည်လည်း "အမျိုးသား ကြိုးစားအားသစ်ရာ – ပညာရှိ မငြိုးမငွေ့ရာ" ဟူသည့်အတိုင်း ကြိုးစားပါလေ၊ ပညာရှိလုပ်မည့်သူဆိုတာ မငြိုးငွေ့ရဘူး၊ မပြင်းရဘူး၊ အချိန်ရှိသမျှ အလုပ်လုပ်ရသည်။ တိမ်ခြေး လခြေးတွေ ကင်းစင်ပြီး သာယာလှတဲ့ လမင်းကိုမ်သား အခါဆိုလျှင် စာရေးစာဖတ် အလုပ်များလုပ်၍ အလွန်ကောင်းပါသည်။ သို့ဖြစ်၍ ညဥ့်အခါလည်း ညဥ့်နက်မှ အိပ်ရာ၏။

(ဆောင်) အမျိုးယုတ်သူ သားဖြစ်မူလည်း
ရာဇူမင်းမတ် ဖြစ်လေတတ်၏။
အတတ်ပညာ ဗလာနတ္ထိ သူ၏သားလည်း
ကြီးမားပညာ တတ်လှစွာ၏။
သုံးရာပစ္စည်း နည်းသူသားလည်း
များလှဥစ္စာ ပေါလှစွာ၏။
တပည့်လိမ္မာ ပညာတတ်မြောက်
တံခွန်ဆောက်အောင်
မပေါက်ကြိုးစားနိုင်စေသော်။

အတတ်ပညာနှင့် တူသော မိတ်ဆွေ မရှိ

လောက၌ အတတ်ပညာနှင့် တူသော မိတ်ဆွေမည်သည် မရှိ၊ အတတ်ပညာသည် အကောင်းဆုံးသောမိတ်ဆွေဖြစ်သည်။

ကမ္ဘာ့ခေါင်းဆောင်ကြီးများ အတတ်ပညာဘည်းဟူသော မိတ်ဆွေကြောင့် ကမ္ဘာကြီးကို ဦးဆောင်နိုင်ပေသည်။ ထို့အတူ တိုင်းပြည်ခေါင်းဆောင်၊ ဂိုဏ်းဂဏအဖွဲ့ ခေါင်းဆောင်၊ အသင်းအဖွဲ့ခေါင်းဆောင် စသည်တို့သည်း အတတ်ပညာကြောင့် ခေါင်းဆောင်နိုင်ခြင်းဖြစ်သည်။

ရင်းပြင် အနာရောဂါ ဝေဒနာနှင့်တူသော ရန်သူ မရှိပါချေ၊ အနာရောဂါလောက် ဆိုးသော ရန်သူမရှိဟူ၏။ မိမိလောက် ချစ်သူရည်သည် မရှိ။ ကိုယ့်ကိုယ်ကို အချစ်ဆုံးဟူ၏။ ကံနှင့်တူသော ကောင်းမှု မကောင်းမှု အလုပ်ဝန်နှင့်တူသော အားခွန်ဗလသည်း မရှိပါ။ သို့ဖြစ်၍ တပည့်လိမ္မာသည် အတတ်ပညာဘည်းဟူသော မိတ်ဆွေကို ကြပ်ကြပ်ဖွဲ့ပါလေ။

(ဆောင်) တပည့်လိမ္မာ မှတ်စရာကား ဝိဇ္ဇာသိပ္ပ
မည်ရပညာ တတ်မိတ်ဆွေကို မကွေမြဲစွာ
ဖွဲ့လေပါလော ဝိဇ္ဇာသိပ္ပ မတတ်ကလျှင်
လူဘွင်လူန မည်ရတွင်ရှောင်း မကောင်းတတ်သည်
အတတ်မိတ်ဆွေ ဖွဲ့ပါလော့။

---

၁။ နတ္ထိ ဝိဇ္ဇာ သမံ မိတ္တံ၊ န စ ဗျာဓိ သမော ရိပု။
န စ အတ္တ သမံ ပေမံ၊ န စ ကမ္မ သမံ ဗလံ။
(ကဝိဒပ္ပဏနီတိ၊ ၈၉။)

## ဆရာ့စကား လေးစားကြည်ဖြူ နာထောင်ယူ

တပည့်လိမ္မာသည် အကြီးအကဲ ဆရာသမား ဆုံးမပြောကြားသည့် ဩဝါဒစကားများကို သင်ယူရာ၏။ တက္ကသိုလ်များ ကောလိပ်များ အဆင့်မြင့်တန်း ကျောင်းများ အလယ်တန်းကျောင်းများ မူလတန်းကျောင်းများ ဆရာကြီးများ ဆရာ ဆရာမများ တပည့်များ အကျိုးရှိဘွယ်ရှိကြောင်း နည်းကောင်း နည်းမွန်များ ပြောကြားတတ်သည်။ ဖော်ပြပါ ဟောပြောချက် နည်းညွှန်ချက်တို့ကို လေးမြတ်ကြည်ဖြူ နာယူရာ၏။ ယင်းသို့ နာယူခြင်းသည် အကြားအမြင် ဗဟုသုတ တိုးပွားကြောင်း ဖြစ်သည်။ ယင်းသို့ ဗဟုသုတ တိုးပွားခြင်းသည်လည်း ပညာ တိုးပွားကြောင်းဖြစ်သည်။ ပညာတတ်မြောက် တိုးပွားလာပြီဆိုလျှင် လောကီချမ်းသာ၊ လောကုတ္တရာအကျိုး အမျိုးမျိုးနှင့် ချမ်းသာအားလုံး တိုးပွားကြောင်းဖြစ်သည်။ သို့ဖြစ်ရာ တပည့် လိမ္မာသည် လောကီ လောကုတ္တရာ ချမ်းသာ အားလုံးတို့၏ အကြောင်းရင်းစစ် ပင်မဖြစ်သည့် ဆရာကြီး ဆရာမ စသူတို့၏ ဆုံးမစကားကို လေးစားကြည်ဖြူ နာယူရာ၏။ ထို့ကြောင့် အရှင်မဟာစုန္ဒထေရ်သည်-

> သုဿူသာ သုတဝဍ္ဎနီ၊
> သုတံ ပညာယ ဝဍ္ဎနံ၊
> ပညာယ အတ္ထံ ဇာနာတိ၊
> ဉာတော အတ္ထော သုခါ ဝဟော။[၁]

ဟု ဟောတော်မူသည်။

---

၁။ ထေရ။ ၂၅၀။ (မဟာ စုန္ဒ ထေရ ဂါထာ)။

ဂါထာအနက်။ ။သုဿုသာ= သွန်သင်ညွှန်ကြား ဆရာသမားထံမှ ကြားဝါဒစကား နားထောင်ခြင်းသည်။ သုတဝဍ္ဎနီ= သုတကိုလည်း ပြည့်စုံတိုးပွားခြင်းကို ဖြစ်စေနိုင်၏။ သုတံ= နာယူမှတ်သား များစွာသော ဗဟုဿုတသည်။ ပညာယ = အသိပညာ၏။ ဝဍ္ဎနံ= တိုးပွားကြောင်းသည်။ ဟောတိ= ဖြစ်၏။ ဉာတော= သိတင်သော။ အတ္ထော= အကျိုးအကြောင်းသည်။ သုခါဝဟော= ချမ်းသာကို ရွက်ဆောင်နိုင်၏။

(ဆောင်) ဆရာသမား မိန့်ညွှန်ကြား လေးစားနာယူပါ။
နာယူလေက မှန်မုချ သုတတိုးပွားမှာ။
သုတကိုလည်း ပညာစုံ အပုန်ကြီးပွားမှာ။
ပညာစုံက ကျိုးအတ္ထ မုချရမည်သာ။
ကျိုးကြောင်းပြည့်ဝ ချမ်းသာရ နိစ္စလွန်သေချာ။[၁]

### အတတ်ပညာ စာအုပ်ထဲ မသားနှင့်
### နှုတ်ရဆောင်ထား

ရှေးပညာရှိတို့သည် စာအုပ်အတွင်း၌ ရှိသော အတတ်ပညာသည် မိမိအတတ်ပညာ မဟုတ်ကြောင်း သူတပါးလက်တွင်းမှာ ရှိသော ဥစ္စာပစ္စည်းသည်း မိမိတို့၏ ဥစ္စာမဟုတ်ကြောင်း မိန့်ဆိုတော်မူခဲ့ကြသည်။

---

၁။ အကျိုးအကြောင်း စုံလင်ပြည့်ဝပြီဆိုလျှင် လောကီ၊ လောကုတ္တရာ ချမ်းသာရမည် ဟူလို။

သို့ဖြစ်ရာ စာအုပ်ထဲမှာရှိသော အတတ်ပညာများကို မိမိ တတ်သိရရှိလေအောင် "ပညာရှိထံ ကိုယ်ကျိုးနွံ၍ နည်းခံ သင်မှ ပညာရ၏" ဟု ဆိုသည့်အတိုင်း ကျွမ်းကျင်လိမ္မာသည့် ပညာရှိ ကဝိဓိုရ်ထံ ချဉ်းကပ်၍ အာဂုဏ်နှုတ်ရ နှုလုံးအိမ်တွင်း ရောက်အောင် သင်ယူရာ၏။

၎င်းပြင် သူတပါးလက်ထဲ၌ ရှိသော ဥစ္စာဓနသည်လည်း မိမိ ဥစ္စာမဟုတ်ပါချေ။ သို့ဖြစ်ရာ ဥစ္စာဓန ပေါပြည့်ဝပြီး မတောင့် မတ မနကြောင့်မကြ စားသောက်နေထိုင် လှူနိုင်တန်း(ဒါန်း) နိုင်အောင် "ထကြွဝီရိယ ဥဋ္ဌာနဖြင့် လုံ့လရှိမှ ဥစ္စာရ၏" ဟူ သည့်အတိုင်း တက်ကြွသော ဝီရိယဖြင့် သမ္မာအာဇီဝလည်း ဖြစ်အောင် ဥစ္စာဓနရှာမှီး စုဆောင်းရာ၏။ ထို့ကြောင့် သက္ကတပါဠိနီတိ ကျမ်းဂန်ရပ်တို့၌—

ပေါတ္ထကေသု ယံ သိပ္ပံ၊
ပရဟတ္ထေသု ယံ ဓနံ။
ယဒါ ကိစ္စေ သမုပ္ပန္နေ၊
န တံ သိပ္ပံ န တံ ဓနံ။ ၂

ဟု မိန့်ဆိုညွှန်ကြားတော်မူကြကုန်၏။

---

၁။ ကောင်းသောအသက်မွေးခြင်း၊
၂။ သက္ကတနီတိများ၊ လောကနီတိများ၊ ကဝိဒပ္ပဏနီတိ။

ဂါထာနက်။ ။ပေါတ္ထကေသု=ပေစာအုပ်တို့၌။ ယံသိပ္ပံ=အကြင်အတတ်သည်လည်းကောင်း။ ပရဟတ္ထေသု=သူတပါးလက်တို့၌။ ယံဓနံ=အကြင်ဥစ္စာသည်လည်းကောင်း။ အတ္ထိ=ရှိ၏။ ယသကိစ္စေ=ပြုဖွယ်ကိစ္စသည်။ သမုပ္ပန္နေ=ဖြစ်သည်ရှိသော်။ တံသိပ္ပံ=ထိုပေစာအုပ်များ၌ ရှိသောအတတ်သည်။ နသိပ္ပံ=မိမိအတတ်မမည်။ တံဓနံ=ထိုသူတပါးတို့၏ လက်၌ရှိသော ဥစ္စာသည်လည်း=နဓနံ=မိမိဥစ္စာမမည်။

(ဆောင်) စာအုပ်တွင်းမှာ တက်ပညာ မိမိဟာမမည်။
သူများလက်မှာ များ ဥစ္စာ မိမိဟာမမည်။
ဆရာ့ထံမှာ ကပ်ချဉ်းကာ ပညာသင်ရမည်။
လုံ့လကြိုးကာ များဥစ္စာ ရှာဖွေစုရမည်။

## ပညာရှင်ရှိရာ မပြင်မနေ သွားရောက်ပညာသင်

အတတ်ပညာကို လိုသားခင်မင်သော တပည့်လိမ္မာသည် မည်မျှဝေးသည့် ဒေသဖြစ်စေ ပညာရှင်ရှိရာသို့ သွားရောက်ပညာသင်ရ၏။

ရှေးယခင်က အလောင်းတော် စူဠဓမ္မပါလ သတို့သား၊ ယသဒတ္တသတို့သား၊ အလောင်းတော် အကိတ္တိသူဌေးသား၊ ကုရုမင်းသား၊ အလောင်းတော်ဓနဥ္စယသတို့သား၊ ကဥ္စနသူဌေးသား၊ ပဥ္စာဝုဓမင်းသား စသည့်တို့သည် ဝေးလံလှစွာသော

တက္ကသိုလ်မြို့တော်သို့ သွားရောက် ပညာသင်ကြားပြီး နောင်တချိန် ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်ဌာနီ၌ ထင်ရှားသည့် ပညာသည် ပါရဂူကြီးများ ဖြစ်ကြသည်။ ယခုခေတ်တွင်လည်း ပစ္စည်းရှိ အမြော်အမြင်ရှိ မိဘတို့သည် အရည်အချင်းမီ မိမိတို့၏ သားသမီးများကို အင်္ဂလန် အမေရိကန် စသည့်နိုင်ငံများသို့ စေလွှတ်ပညာ သင်ကြား စေကုန်၏။ ထို့ကြောင့် လောကနီတိ၌—

> ပဏ္ဍိတော သုတ သမ္ပန္နော၊
> ယတ္ထ အတ္ထိတိ စေ သုတော။
> မဟုဿာဟေန တံ ဌာနံ၊
> ဂန္တဗ္ဗံ ဝ သုတေသိနာ[၁]။

**ဂါထာနက်။** ။သုတသမ္ပန္နော=အကြားအမြင် သုတနှင့်ပြည့်စုံသော။ ပဏ္ဍိတော=ပညာရှိသည်။ ယတ္ထ= အကြင်အရပ်၌။ အတ္ထိ=ရှိ၏။ ဣတိ=ဤသို့။ စေ သုတော=အကယ်၍ကြားသည်ဖြစ်အံ့။ တံဌာနံ=ထိုပညာရှင် ရှိရာအရပ်သို့။ သုတေသိနာ=သုတကိုရှာမှီးသော အမျိုးကောင်းသားသည်။ မဟုဿာဟေန=သည်းစွာအားထုတ်သဖြင့်။ ဂန္တဗ္ဗံ=သွားရသည်သာ။ ဝ=သွားရောက်၍ ပညာသင်ကြားရသည်သာ။

---

၁။ ဠလောကနီတိ။ ဂ-ဂါထာ။

(ဆောင်) တရပ်တကျေး ရပ်ဝေးသွာ ကာ
တတ်ပညာကို မှန်စွာမုချ ဆည်းပူးကြလော့
လောကလူဝယ် ပညာကြွယ်မှ ကြီးကျယ်ဖွံ့ဖြိုး
အကျိုးများ အောင် ရွက်ဆောင်ရာသည်
ပညာရှင်တို့မှာတမ်းဆော်။

## အဆင်းလှပန်း လူ့ပေါက်ပန်း

အတတ်ပညာသည် လောက၌ အလွန်အရေးကြီးလှ၏။ ရုပ်ဆင်းကျန်အင် လက္ခဏာနှင့် ပြည့်စုံပြီး အမျိုးမြတ်ကာ ပစ္စည်းဥစ္စာ ရတနာတွေ ကျိကျိတက်ချမ်းသာ ပေါများနေသော်လည်း အတတ်ပညာနှင့် မပြည့်စုံလျှင်ကား အဆင်းသာရှိ၍ အနံ့မပြည့်စုံသည့် ပေါက်ပန်းတမျှ တူသည်ဟု နီတိဆရာ ကျမ်းတတ်ဝိဒူ ကဝိအဆူဆူတို့ ဆိုကြသည်။

ရူပ ယောဗ္ဗန သမ္ပန္နာ၊
ဝိသာလ ကုလသမ္ဘဝါ။
ဝိဇ္ဇာ ဟီနာ န သောဘန္တေ၊
နိဂန္ဓာ ဣဝ ကိံသုကာ[၁]။

---

၁။ စာဏက္ကျနီတိ၊ လောကနီတိ၊ ကဝိဒပ္ပဏနီတိ စသည်။

ရူပ ယောဗ္ဗန္န သမ္ပန္နာ= အဆင်းအရွယ်နှင့် ပြည့်စုံကြကုန်သည်။ ဝိသာလ ကုလသမ္ဘဝါ=ပြန့်ပြောကြွယ်ဝသော အမျိုး၌ ဖြစ်ကြကုန်သည်။ သမာနာပိ=ဖြစ်ကြကုန်သော်လည်း(ထည်သို့) ဝိဇ္ဇာ ဟီနာ= အတတ်ပညာမှ ယုတ်ခဲ့ကုန်မူကား။ နသော ဘန္တိ=အမှန်တကယ် မတင့်တယ်ကြကုန်။ ကိံသုကာ=ပေါက်ပန်းတို့သည်။ နိဂန္ဓာဣဝ=အနံ့မှ ကင်းကုန်သကဲ့သို့ဘည်း။

ထို့ကြောင့် အရှင်မဟာရဋ္ဌသာရစာဆိုတော်ကြီးကလည်း—

အင်္ဂပစ္စင် သွင်ပြင်ရုပ်ဝါ ပြည့်စုံပါလည်း
နံ့သာလှိုင်ခြင်း ဂုဏ်နံ့ကင်းမူ အဆင်းလှဆန်း
လူ့ပေါက်ပန်း—ဟု စပ်ဆိုတော်မူခဲ့လေသည်။

သို့ဖြစ်ရာ တပည့်လိမ္မာသည် အဆင်းလည်းလှအချင်းလည်း ဝသူဖြစ်အောင် ပညာသင်ချိန်တွင် စာပေပညာ သင်ကြားခြင်းဖြင့်သာ အချိန်ကို အသုံးချ၍ အားသစ်ကြိုးပမ်းပါလော့။

(ဆောင်) တပည့်လိမ္မာ ဖြစ်စိမ့်ငှာဟု
နှလုံးပြု၍ သိမှုတတ်ရာ တတ်ပညာကို
ကြိုးစားလို့လ ဝါယာမဖြင့်
**မုချအားသစ် သင်ယူလော့။**

## အရှင်သာရိပုတ္တရာ၏ ဆုံးမမှုကြောင့် အရှင်ရာဓ မထေရ် ရဟန္တာဖြစ်

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဥစ္စာဓနမှမဲ့ ဆင်းရဲသော ရာဓပုဏ္ဏားသည် ရှင်ရဟန်း ပြုလိုသဖြင့် ရဟန်းတို့အား လျှောက်ထားတောင်းပန်လေရာ အိုမင်းမစွမ်း ဖြစ်နေသူ ဖြစ်နေ၍ လက်မခံကြကုန်။ သို့ရာတွင် "ဓမ္မ သေနာပတိ လက်ျာတော်ရံ" အရှင်သာရိပုတ္တရာ မထေရ်သည် ဆွမ်းတယောက်မ လောင်းလှူဘူးသော ကျေးဇူးကို အောက်မေ့တော်မူ၍ ရဟန်းပြုပေးတော်မူရာ မူလ အမည်အတိုင်း ရာဓမထေရ်ဟု ဘွဲ့မည်တွင်သည်။ ရဟန်းပြုပေးတော်မူပြီး သွန်သင်ညွှန်ပြ ဆုံးမ ဩဝါဒပေးတော်မူလေရာ ၂-ရက် ၃-ရက်အတွင်း အာသဝေါ ကင်းကွာ ရဟန္တာ ဖြစ်လေသည်။

ယင်းသို့ အရှင်သာရိပုတ္တရာ ဆုံးမမှုကြောင့် အရှင် ရာဓမထေရ် ရဟန္တာဖြစ်သည်ကို အကြောင်းပြုတော်မူ၍ "အိုချစ်သားရဟန်းတို့.... ရဟန်းဆိုတာ ဆိုဆုံးမလွယ် ရှိရမည်။ အပြစ် ဖော်ပြ ဆိုဆုံးမသော ဆရာသမားကို ရွှေအိုးငွေအိုး ရှိရာအရပ်ကို ပြောကြားသူ၊ ရွှေအိုးငွေအိုးကို ပေးသူကဲ့သို့ သဘောထားရမည်" ဟု မိန့်ကြားတော်မူပြီးလျှင်—

နိဓီနံ ဝ ပဝတ္တာရံ၊
ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှ ဝါဒိံ မေဓာဝိံ၊
တာဒိသံ ပဏ္ဍိတံ ဘဇေ။

တာဒိသံ ဘဇ မာနသံ၊
သေယျော ဟောတိ န ပါပိယော။

ဂါထာနက်။ ။ဝဇ္ဇဒဿိနံ= အပြစ်ကိုဖော်ပြ ဆုံးမတတ်သော။ နိဂ္ဂယှဝါဒိံ= နှိုင်၍ တင်းတင်းကြပ်ကြပ် ဆိုဆုံးမတတ်သော။ မေဓာဝိံ=ပညာရှိ ဆရာသမားကို။ နိဓီနံ= မြေ၌မြှုပ်ထားသော ရွှေအိုးငွေအိုးကို၊ ပဝတ္တာရံ ဣဝ=ပြောကြားပေးလာသော သူကိုကဲ့သို့။ ယံ ပဿေ=အကြင်ရှုမြင်ရာ၏။ ဝါ=အကြင်ရှုမြင် သဘောထားရာ၏။ တေန ပဿနေန= ထိုသို့ရှုမြင် သဘောပေါက်ခြင်းကြောင့်။ တာဒိသံ= ထိုသို့ အပြစ်ကိုပြ နှိုင်ကွပ်တင်းကြပ်စွာ ဆိုမြည် ဆုံးမတတ်သော သဘောရှိသော။ ပဏ္ဍိတံ= ပညာရှိ ဆရာသမားကို။ ဘဇေ– မှီဝဲဆည်းကပ်ရာ၏။ ဝါ= မှီဝဲဆည်းကပ်ပါလော့။ တာဒိသံ= ထိုကဲ့သို့ ကြပ်ကြပ်မတ်မတ် နှိုင်ကွပ်ဆုံးမတတ်သော သဘောရှိသော ပညာရှိဆရာသမားကို။ ဘဇမာနဿ= မှီဝဲဆည်းကပ်သော တပည့်အား။ သေယျော=မြတ်သည်။ ဟောတိ=ဖြစ်၏။ ပါပိယော=ယုတ်မာသည်။ န ဟောတိ– မဖြစ်နိုင်။

(ဆောင်) အပြစ်ပြဆို ဆရာကို ကြည်ညိုဆည်းကပ်လေ။
ရွှေအိုးပြသူ ပမာယူ ကြည်ဖြူဆည်းကပ်လေ။
ငွေအိုးပြသူ ပမာယူ ကြည်ဖြူဆည်းကပ်လေ။
ထိုဆရာမျိုး ဆည်းကပ်ကိုး[၁] အကျိုးများမည်ပေ။

---

၁။ ဆည်းကပ်ကိုးကွယ်လျှင် အကျိုးများမည် ဟူ၏။

## ဆရာသမား၏ အနီး၌ နေတတ်သော အန္တေဝါသိတပည့်

ပါဠိ၌ "အန္တေဝါသိ" ဟူသော ပုဒ်သည် မြန်မာလို တပည့် ပင် ဖြစ်၏။ ယင်း အန္တေဝါသိ ပုဒ်ကို "အာစရိယဿ အန္တေ သမီပေ ဝသနသီလော" ဟု ဖွင့်ဆိုသည်။¹ ဆရာ၏ အနီးအ နား၌ နေလေ့ရှိသူ ဟူလို။ တပည့်ဆိုသည်မှာ ဆရာ၏ အနီးမှာ နေရသည်။ ဆရာက "ငါ့ကို ဘာခိုင်းမလဲ၊ ခိုင်းယင် ငါပေါ့ ပေါ့ပါးပါး လျင်မြန်စွာ အလုပ်လုပ်ရမည်" ဟု ကြံစည်စိတ် ကူးပြီး အနီးမှာသာ နေရမည်။

## မကြားချင်ယောင်ဆောင်သော တပည့်များ

တချို့တချို့ တပည့်များသည် ဆရာသမားမခေါ်လျှင် မကြားချင်ယောင် ဆောင်တတ်ကြသည်။ ဆရာက ဘဲနှိပ်ဂလိုင် ခေါက်လျှင်လည်း နှိပ်ချင်သလောက်နှိပ်၊ ခေါက်ချင်သလောက် ခေါက်၊ မကြားချင်ယောင် ဆောင်တတ်သည်။ မိမိသာ မ ကြားချင်ယောင် ဆောင်သည်မဟုတ် အခြားတပည့်များကိုပါ ဆရာခေါ်လျှင် မသွားနှင့်၊ ငါလဲ မသွားဘူး၊ မင်းလဲ မသွား နှင့် စသည်ဖြင့် ကတိကဝတ်ပြုတတ်သော တပည့်များ၊ (ဝါ) ညှိထားသည့် တပည့်များသည်း ရှိတတ်သည်။ အနာဂတ်တိုး တက်ရေးကို မြော်မြင်သော တပည့်သည် ဤကဲ့သို့ မပြုလုပ်ရာ။ ဆရာသမားကလည်း ခဏခဏ တပည့်ကို မခေါ်ရန်လည်း သ တိပြုရာသည်။

---

၁။ အဘိဓာန်ဋီကာ၊ ၄၀၉ ဂါထာ။

## အဋ္ဌကထာ ကျမ်းပြုအကျော် အရှင်မဟာဗုဒ္ဓဃောသ

အရှင်မဟာဗုဒ္ဓဃောသသည် သာသနာ့ ဆယ်ရာစု ကျော်လယ်လောက်တွင် ပေါ်ထွန်းသည့် ထိပ်တန်း ပညာရှင်ဖြစ်သည်။ သူသည် သာသနာ့ဘောင် မဝင်ရောက်ခင် သူငယ်ဘဝက ပတဉ္ဇလီ အယူကို ယူသူဖြစ်သည်။ အယူဝါဒ များစွာတို့၌လည်း လိမ္မာတတ်မြောက် ကျွမ်းကျင်လှသည်။ ဇမ္ဗူဒိပ်တခွင် ဝါဒပြိုင်ရန် လှည့်လည်စဉ် ကျောင်းတကျောင်း ရောက်၍ အရှင်ရေဝတမည်သော ရဟန်းတော်နှင့် တွေ့ဆုံရာ ဗုဒ္ဓဝါဒ ကောင်းမွန်းစစ်မှန်ကြောင်း သိသဖြင့် သာသနာ့ဘောင်ဝင် ရဟန်းပြု ပိဋက ၃ ပုံ သင်ယူတတ်မြောက်တော်မူခဲ့လေသည်။ ၎င်းနောက် အရှင်ရေဝတက "ငါ့ရှင်ဗုဒ္ဓဃောသ ....ငါ့ရှင်ကား ဉာဏ်လည်း အလွန်ထက်မြက်သည်။ ဝီရိယလည်း အလွန်ကောင်းသည်၊ သီဟိုဠ်ကျွန်းသွား၍ သီဟိုဠ်ဘာသာသင်ပြီး သီဟိုဠ်ဘာသာနှင့် တည်ရှိသော မဟာအဋ္ဌကထာကို မာဂဓဘာသာ ပြန်ဆိုကာ အဋ္ဌကထာသစ် ရေးပါ" ဟု တိုက်တွန်းတော်မူသည်။

ယင်းသို့ တိုက်တွန်းချက်ကြောင့် သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူ၍ အရှင်ဗုဒ္ဓမိတ္တ အစရှိသော မထေရ်မြတ်တို့ ထံတွင် သီဟိုဠ်ဘာသာကို လေ့လာတော်မူပြီး ဆရာအရှင်ရေဝတ စေခိုင်းတိုက်တွန်းတော်မူသည့်အတိုင်း သီဟိုဠ်ဘာသာနှင့် တည်ရှိသော မဟာအဋ္ဌကထာကို မာဂဓဘာသာ ပြန်ဆိုစီရင်တော်မူသည်။

ဝိနည်း ၅ ကျမ်း အဋ္ဌကထာကိုမူ မဟာအဋ္ဌကထာကို ကိုယ်ထည်ပြုကာ မဟာပစ္စရီအဋ္ဌကထာ၊ ကုရုန္ဒီအဋ္ဌကထာ၊ သင်္ခေပအဋ္ဌကထာ၊ အန္ဓကတိုင်းရင်း ဘာသာဖြင့် ရေးသား ထားသည့် အန္ဓကအဋ္ဌကထာတို့မှ ယူသင့်သော အဆုံးအဖြတ် တို့ကို ယူ၍ ရံခါ ဝါဒန္တရ အဖြစ်ဖြင့် ဖော်ပြ၍ ရေးသား စီရင်တော်မူခဲ့လေသည်။ အရှင်မဟာဗုဒ္ဓဃောသ ပြုစီရင်တော် မူခဲ့သော ကျမ်းစာများမှာ အုပ်ရေအနေအားဖြင့် ဆဋ္ဌသံဂါ ယနာ စာတော်မူအားဖြင့် ၁၅ အုပ်၊ စာမျက်နှာပေါင်း ၁၃၀၀၀ (တသောင်းသုံးထောင်) ကျော်ရှိသည်။[၁] ယခု အခါ တသာသနာလုံး ဖော်ပြပါ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာများကို မျှပိုလေ့သာတော်မူကြသည်။

## ထိပ်တန်း တပည့်လိမ္မာ

အရှင် မဟာ ဗုဒ္ဓဃောသကား အရှင်ရေဝတ၏ ထိပ်တန်း တပည့်လိမ္မာ စင်စစ် ဖြစ်တော်မူသည်။ ဘုရားရှင်သာသနာတွင် "ဗုဒ္ဓအလယ်" ဟု ကျော်ကြားသည့် ထိပ်တန်းပညာရှင် ဖြစ် တော်မူသည်၊ အိုဂါရှုသူ... အသင်စာရှုသူသည် အမှတ်တမဲ့ မနေပါလင့်၊ အရှင် မဟာဗုဒ္ဓဃောသကို အတုယူ၍ ထိပ်တန်း

---

၁။ အကျယ် မဟာဝိသုဒ္ဓါရာမနိကာယသာသနာဝင်။ ၄-၃၂။

ဘပည့်လိမ္မာ ဖြစ်အောင် ကြိုးပမ်းပါလော့။ အရှင်ရေဝတ သည်လည်း အမြော်အမြင် ကြီးမားတော်မူသည့် ထိပ်တန်း ဆရာသမား ဖြစ်တော်မူပါပေသတည်း။

(ဆောင်) ဗုဒ္ဓဃောသ ကျော်ပေါက်ပြသည့်
ဂန္ထကာရ ထေရ်မဟာကား သာသနာ့ဝယ်
ဗုဒ်အလယ်ဟု ထုတကိတ္တိ ရှိကြီးရှိ၏
အသိမြော်မြင် အမြဲယှဉ်၍ သင်လျှင်တုယှူ
သတိမူကာ ကျင့်ပါစေလို့ တိုက်တွန်းဆိုသည်
စာဆိုထိပ်ခေါင်ဖြစ်ရန်ကို။

## ဆရာသမား ရိုက်လည်း စိတ်မညစ်နှင့်

ဆရာသမားကောင်းများသည် တပည့်ကို လွန်စွာ ပညာ တတ်မြောက်စေချင်ကြသည်။ မိမိထက် အဆပေါင်းများစွာ ပိုမို၍ တတ်မြောက်စေလိုကြသည်။ ထိုသို့ဖြစ်ကြောင်း တပည့် ကောင်းဘပည့်လိမ္မာသည် ကောင်းစွာ သဘောပေါက်သည်။ ဆရာသမားကောင်းများသည် ယင်းသို့ ပါရဂူပေါက် အတတ် ပညာတတ်မြောက်စေလိုသည့်အတွက် ဟစ်အော်ငေါက်ငန်း၍ ဆုံးမတတ်သည်။ ရိုက်နှက်၍ ဆုံးမတတ်သည်။ လိမ္မာသော အိုးလုပ်သမား (အိုးထိန်းသည်) သည် အိုးကို လှပသေသပ် အောင် မဖုတ်ခင် ပုတ်ခတ်ပေးသည်။ ဆရာသမားကောင်းများ

လည်း ဤအိုးလုပ်သမား (အိုးထိန်းသည်) မခြားတမူ အလား တူစွာ တပည့်ကို လိမ္မာယဉ်ကျေးအောင် ပညာတတ်အောင် ကြီးပွားတိုးတက်အောင် ရိုက်နှက် ဆုံးမတတ်ကြသည်။ ယင်းသို့ ရိုက်နှက် ဆုံးမသဖြင့် တပည့်လိမ္မာသည် စိတ်မညစ်လေနှင့်။ ငါ့အတွက်အောင်ပွဲရတော့မည်ဟု သဘောသား၍ ပညာကြိုး စားပါလေ။ သရာမကြိုက်တာ မလုပ်လေနှင့်။ ထို့ကြောင့် လောကနီတိဆရာက—

န ဘိဇ္ဇတိ ကုမ္ဘကာရော၊
သောဘေတိ ကုမ္ဘံ ဃဋ္ဋတိ။
န ခိပိတိ အပါယေသု၊
သိဿာနံ ဝုဍ္ဎိကာရဏာ။

ဟူသောဂါထာဖြင့် သတိပေးခဲ့လေသည်။

ဂါထာအနက်။ ။ကုမ္ဘကာရော=အိုးထိန်းသည်၊ ကုမ္ဘံ=အိုးကို၊ ဘိဇ္ဇတိ=ကွဲစိမ့်သောငှာ။ နဃဋ္ဋတိ=မပုတ်ခတ်။ သောဘေတုံ=လှပဖွယ်ရာတင့်တယ်စိမ့်သောငှာ၊ ဃဋ္ဋတိ=ပုတ်ခတ်၏။ အာစရိယော=ဆရာသမားသည်။ အပါယေသု=အပါယ်လေးဘုံတို့၌။ ခိပိတုံ=ပစ်ချခြင်းငှာ။ ပါ=ကျရောက်ခြင်းငှာ။ နဃာတိ ရိုက်နှက်ပုတ်ခတ် ဆုံးမသည်မဟုတ်။ သိဿာနံ=တပည့်တို့၏။ ဝုဍ္ဎိကာရဏာ=အတတ်ပညာ တတ်မြောက်များပြား ကြီးပွား စေလိုခြင်းဟူသော အကြောင်းကြောင့်။ နဃဋ္ဋတိ=ရိုက်နှက် ပုတ်ခတ်ဆုံးမ၏။

(ဆောင်) တပည့်လိမ္မာ စဉ်းစားပါလော့
နီ့မှာထံပါး တပည့်များကို
သမားဆရာ ရိုက်နှက်ပါလည်း
လိမ္မာစေကြောင်း ကောင်းပါစေလို
ဆန္ဒပိုသဖြင့် မြည်ဆိုငေါက်ငက်
သူရိုက်နှက်လည်း စိတ်ပျက်နောက်ပေ့
မရှိလေနှင့် စိန်ရွှေရတနာ ငါ့ကိုသာလျှင်
ဆရာပေး၏ ထင်စေမင်း။

## ဋီကာကျမ်းပြုအကျော် အရှင်ဓမ္မပါလ

အရှင်ဓမ္မပါလသည် ဋီကာကျမ်းပြု အကျော်အဖြစ် သာသနာတွင် ထင်ရှားသည်။ သို့ရာတွင် ဥဒါနအဋ္ဌကထာ၊ ဣတိဝုတ္တက အဋ္ဌကထာ၊ ဝိမာနဝတ္ထု အဋ္ဌကထာ၊ ပေတဝတ္ထု အဋ္ဌကထာ၊ ထေရဂါထာအဋ္ဌကထာ၊ ထေရီဂါထာအဋ္ဌကထာ၊ စရိယာပိဋကအဋ္ဌကထာ၊ နေတ္တိအဋ္ဌကထာ အားဖြင့် အဋ္ဌကထာ ၈-ကျမ်းတို့ကိုလည်း ပြုစုတော်မူခဲ့ရာ အဋ္ဌကထာကျမ်းပြု ဆရာတော်လည်းဖြစ်တော်မူသည်။ ဒီဃနိကာယဋီကာ၊ မဇ္ဈိမနိကာယဋီကာ၊ သံယုတ္တဋီကာ၊ အင်္ဂုတ္တရနိကာယဋီကာ[၁] နေတ္တိ

၁။ အင်္ဂုတ္တရနိကာယ ဋီကာ (အင်္ဂုတ္တိုရ်ဋီကာ) မှာ မပြီးဆုံးဟု သိရ၏။ ယင်းဋီကာကို အရှင်သာရိပုတ္တရာ၏ ဋီကာကို ထောက်၍ အင်္ဂုတ္တိုရ်ဋီကာဟောင်းဟု ခေါ်ကြသည်။

ဋီကာ၊ အဘိဓမ္မာအနုဋီကာကျမ်းများကိုလည်း ပြုစုစီရင်တော်မူခဲ့သည်။ အရှင်ဓမ္မပါလ၏ ကျမ်းစာအုပ်များမှာ အင်္ဂုတ္တိုရ်ဋီကာနှင့် သစ္စသံခိပ် အနုဋီကာတို့မှတပါး ဆင့်သံဃာသနာစာတော်မူကျမ်းစာအုပ်ပေါင်း ၂၀-ရှိ၍ စာမျက်နှာ ၇၉၃၀-ကျော်ရှိသည်။

အေဒီ ၅-ရာစု နောက်ပိုင်းနှင့် ၆-ရာစုနောက်ပိုင်းတွင် အိန္ဒိယနိုင်ငံ တောင်ပိုင်း ကဉ္စီပူရမြို့၌ ဖွားမြင်ပြီး ပေါ်ထွန်းခဲ့သည်။ အရှင်ဓမ္မပါလသည် အမတ်ကြီးတဦး၏ သားဖြစ်ပြီး ရှင်ရေသနစ်၊ ပညာချွန်သဖြင့် ဘုရင်က သမီးနှင့် ထိမ်းမြားရန် ကြံသည်။ ထိုအကြံကို သိသဖြင့် အိမ်မှ ထွက်ပြေးပြီး ဗောဓိရကျောင်း ဘုန်းတော်ကြီးထံ ရှင်သာမဏေတော်၊ ရဟန်းပြု၊ ပညာသင်ကြားသည်။ ဗောဓိကျောင်း ဆရာကြီးက သီဟိုဠ်ကျွန်းသွား၍ ပညာသင်ရန် တိုက်တွန်းသဖြင့် သီဟိုဠ်ကျွန်း၌ ကြာမြင့်စွာ သီတင်းသုံး၍ သီဟိုဠ်ဘာသာကို သင်ယူတော်မူခဲ့သည်။ အရှင်ဓမ္မပါလသည် သက္ကတဘာသာ၌လည်း လွန်စွာ ကျွမ်းကျင်တတ်မြောက်တော်မူသည်။

## တပည့်လိမ္မာလည်းဟုတ် ပညာကျော်ဆရာလည်းဟုတ်

အရှင်ဓမ္မပါလကား ဗောဓိရကျောင်း ဘုန်းတော်ကြီး၏ တပည့်လိမ္မာလည်း ဟုတ်၏၊ ''အာစရိယဓမ္မပါလ=ဆရာဓမ္မပါ

သ''ဟု လွန်စွာထင်ရှားသည့် ပညာကျော်ဆရာလည်း ဖြစ်တော်မူသည်။

အိုစာရှုသူ အရှင်မမ္ပပါလ၏ လုပ်ရပ်ကို အတုယူ၍ ဆရာကောင်းသမားကောင်းတို့၏ စကားကို နားထောင်၍ ရှေးဦးစွာ တပည့်လိမ္မာ ဖြစ်ပြီးနောက်တွင် ပညာကျော်ပုဂ္ဂိုလ်ကြီး ဖြစ်အောင် ကြိုးပမ်းပါလော့။

(ဆော်) အိုစာရှုသူ သတိမူလော့ စင်မြူလှုဒွာ
မြတ်ဆရာ၏ သြဝါဒစကား နာယူကြား၍
ကြီးပွားလေအောင် ကျင့်ကြံဆောင်လော့
ပညာအရောင် တောက်ပြောင်လေမှ
လောကလူမော် ကျော်ကြီးကျော်သည်
အာဟော်·အစ္ဆရိယ ပုဂ္ဂိုလ်တည်း။

## ဆရာကောင်းဖြစ်သော ဆရာတော် ဦးဗုဒ်

ဆရာတော် ဦးဗုဒ်သည် သက္ကရာဇ် ၁၁၄၉-ခုနှစ် ဖွားမြင်၍ သာသနာတွင် ''ဗုဒ် အာ ဆိုး''ဟု အုပ်ဖိုးကျော်ကြားသည့် မထေရ်မြတ် ဖြစ်တော်မူသည်။ ထိုဆရာတော် အရှင်နေရိန္ဒနှင့် ဉာဘတော်ဝိဘင်းပြန် ဆရာတော် ဦးပိုးတို့၏ မွေးမြူမှု၊ နည်း

---

၁။ အကျယ် မဟာဝိသုဒ္ဓာရာမ နိကာယ သာသနာဝင် ၄၂–၅၀ ကြည့်။

ပေးကောင်းမှုတို့ကြောင့် ဦးပုမ်သည် သာသနာ့ဝန်ဆောင် ဖြစ်တော်မူသည်။ ဘွဲ့တော် အရှင်စက္ကိန္ဒဖြစ်သည်။ "စက္ကိန္ဒာဘိဓဇ မဟာဓမ္မ ရာဇဂုရု" နှင့် "စက္ကိန္ဒာဘိ သိရိ သဒ္ဓမ္မ ဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်တို့ကို အလှူခံရ ရှိတော်မူသည်။ သမ္ဗန္ဓစိန္တာ စာကိုယ်နိဿယ၊ နယမုခဒီပနီပါဠိ နိဿယ၊ နိရုတ္တိဘေဒ သင်္ဂဟပါဠိ နိဿယ၊ သဒ္ဒနီတိ နိဿယ၊ ရူပသိဒ္ဓိ နိဿယ စသည့် ကျမ်းပေါင်း ၅၀ ကျော်တို့ကို ပြုစီရင်တော်မူခဲ့သည့်ပြင် စာလိုက်သံဃာ များစွာတို့အားလည်း စာပေပို့ချ သာသနာ ပြုတော်မူခဲ့သည်။ ဆရာတော် ဦးပုမ်ကား ဆရာကောင်းလည်း ဖြစ်တော်မူသည်။

## တပည့်လိမ္မာလည်း ဖြစ်

သက်တော်ပျို နု၍ တပည့်ဖြစ်စဉ်အခါကလည်း ဆရာသမားအဆုံးအမ ဩဝါဒကို နာယူတော်မူခြင်း၊ ကောင်းမွန်စွာ စာပေကျမ်းဂန် သင်ယူတော်မူခြင်းတို့ကြောင့် တပည့်လိမ္မာလည်း ဖြစ်တော်မူခဲ့သည်။ အိုစာရှုသူ သူတော်သီ.... သင်သည် ဆရာတော် ဦးပုမ် ဆရာကောင်း ဖြစ်ကြောင်း၊ တပည့်လိမ္မာဖြစ်ကြောင်းကို ကောင်းစွာ သိပြီးဖြစ်သဖြင့် ရှေးဦးစွာ တပည့်လိမ္မာဖြစ်အောင် ပြုလုပ်၍ နောက် ဆရာကောင်းဖြစ်အောင် ကြိုးပမ်းပါလော့။

(ဆောင်) ဆရာသြဝါ နာယူကာဖြင့် ကောင်းစွာတတ်သင်
လွန်လျှင်လိမ္မာ မှန်စွာမချွတ် တပည့်မြတ်စစ်
တဆစ်ထိုမှ လွန်ကောင်းလှသည့် ဓမ္မဖြင့်ပျော်
ဆရာကျော်ဟု ခေါ်ဝေါ်ခံရန် ကေန်မယုတ်
သင်ကြိုးကုတ် မုချဖြစ်မည်ပေ။

## ဆရာ့ကျေးဇူးကို များစွာ ဆပ်သော သီရိဓမ္မာသောကမင်း

သီရိဓမ္မာ သောကမင်းကြီးသည် နိဂြောဓ သာမဏေအထံတော်မှ အပ္ပမာဒ တရားဒေသနာတော်ကို ကြားနာရသဖြင့် အလွန်လျှင် ကျေးဇူးတင်ကာ နိဂြောဓသာမဏေအား ဆွမ်းဝတ်ရှစ်လုံး၊ နိဂြောဓ သာမဏေ၏ ဥပဇ္ဈာယ်ဆရာတော် အရှင် မဟာဝရုဏထေရ်အား ဆွမ်းဝတ်ရှစ်လုံး နိဂြောဓ သာမဏေအား ပညာသင်ပေးသော ဆရာတော်အား ဆွမ်းရှစ်လုံး၊ ဥပဇ္ဈာယ်ဆရာတော် အရှင်မဟာဝရုဏနှင့် နိဂြောဓသာမဏေ၏ ပညာသင်ဆရာ၊ နိဂြောဓ သာမဏေတို့အား ရှင်သာမဏေ၊ ရဟန်းအဖြစ်သို့ ရောက်ရာ၌ ကျေးဇူးပြုတော်မူကြသည့် သံဃာတော်အရှင်မြတ်တို့အား ဆွမ်းဝတ်ရှစ်အုပ်၊ နောက်ထပ်အိုး၌ သံဃာတော် ခြောက်သောင်းတို့အား ဘာဝစဉ် ဆွမ်းဆက်ကပ်လှူတော်မူခဲ့လေသည်။ နောက်တွင် နိဂြောဓသာမဏေ ညွှန်ကြားသည့် သာသနာတော်အတွက် နေ့စဉ် ငွေအသပြာ ကျော်တသိန်း လှူဒါန်းတော်မူသည်၊ သီရိဓမ္မာသောက

မင်းသည် ကျောင်းတိုက်ပေါင်း ရှစ်သောင်း လေး ထောင်၊ စေတီပုထိုးပေါင်း ရှစ်သောင်းလေးထောင် စသည် တည်ဆောက်လှူဒါန်းခြင်း၊ တတိယသံဂါယနာ မဟာဓမ္မသဘင်ကြီး၏ ဒါယကာခံခြင်း၊ ဘုရား တရား သံဃာ ရတနာ ၃-ပါး အတွက် နေ့စဉ် အသပြာ ငွေကျပ်တသိန်းလှူဒါန်းခြင်း၊ သံဃာတော်၏ ဆေးပစ္စည်းအတွက် ငွေအသပြာ ကျပ်တသိန်း လှူဒါန်းခြင်း စသည်ဖြင့် သာသနာတော်အတွက် ငွေကုဋေ ၁၀၀(တရာ) စွန့်လှူတော်မူခဲ့သည်။[၁] ဓမ္မာသောကမင်းကြီးသည် သာသနာသက္ကရာဇ် ၂၁၈-ခုနှစ် နန်းတက်၍ ၂၅၅-ခုနှစ်တွင် နတ်ရွာစံတော်မူသည်။ သရာ့ကျေးဇူးကို လွန်စွာ သိတတ်သည့်မင်း ဖြစ်တော်မူသည်။

(ဆောင်) ဓမ္မာသောကာ မင်းရာဇာကား
ဒေသနာဓမ္မ နည်းငယ်မျှကို
နားပသာဒ ကြားနာရသဖြင့်
နိဂြောဓတွင် ဆရာသခင်အား
လွန်လျှင်များလှ ထောက်ပန့်မသည်
နယနည်းနာ ယူဖွယ်တည်း။

---

၁။ သကလံ မေဒိနိံ ဘုတွာ၊ ဒတွာ ကောဋိသတံ သုခီ။
အဍ္ဎာ မလက မတ္တဿ၊ အန္တေ ဣဿရတံ ဂတော။
(ဝိသုဒ္ဓိ၊ ၁။ ၂၂၄)။

## ပတ္တမြားဖြင့် ဆရာ့ကျေးဇူးဆပ်သည့် နဂါးလိမ္မာ

သာသနာ သက္ကရာဇ် ဂဂ၄-မှ ၉၁၃-ခုနှစ်အတွင်း သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဒါသမင်း နန်းတက်တော်မူသည်။ ဗုဒ္ဓဒါသမင်း၏ နန်းစိုက်မြို့တော်ကား အနုရာဓမြို့တော်ဖြစ်၏။ ဗုဒ္ဓဒါသမင်းသည် ဆေးပညာ၌ လွန်စွာထူးချွန်သူဖြစ်သည်။ ရဟန်းသံဃာတော်များနှင့် တိုင်းသူပြည်သားတို့အားလည်း ဆေးကုဆေးပေး၍ ဇီဝိတဒါန အလှူကြီးကို ပြုတော်မူခဲ့သည်၊ တိရစ္ဆာန်တို့အားလည်း ရံခါ ဆေးကုဆေးပေးတော်မူသည်။ သီဟိုဠ်ကျွန်းအနှံ့အပြား မြို့တိုင်း ရွာတိုင်း ဆေးရုံများ ဆောက်လုပ်စေပြီး ဆေးဆရာများ ထား၍ ကုသစေတော်မူသည်။ သာရတ္ထသင်္ဂဟ ဆေးကျမ်းကြီးကို ပြုစီရင်တော်မူခဲ့သည်၊[၁]

ပေါ်ပြူ ဗုဒ္ဓဒါသမင်းသည် အနုရာဓမြို့တော်မှ တိဿရေကန် (တိဿဝါပီ)သို့ ရေကစားရန် ထွက်တော်မူစဉ် ပုတ္တဘာဂ

---

၁။ ဟိတတ္တံ ဒီပ ဝါသီနံ၊ ဂါမေ ဂါမေ မဟီ ပတိ။
ကာရေတွာ ဝေဇ္ဇ သာလာယော ဝေဇ္ဇေ တတ္ထ နိယောဇယိ။
သမ္ဗေသံ ဝေဇ္ဇ သတ္ထာနံ၊ ကတွာ သာရတ္ထ သင်္ဂဟံ။
(မဟာဝံသ၊ ၃၇။ ၁၄၅-၆။)

ကျောင်းတိုက်အနီး နဂါးတကောင် ဝမ်းဗိုက်တောင့်ပြီး မသွားနိုင်ဖြစ်နေသည်ကို မြင်လေရာ ဆင်ဟော်မှ ခေတ္တဆင်းပြီး

"အို နဂါးကြီး.... နေမကောင်းဘူးလား"ဟု မေးရာ

နဂါးကြီးက

"အိုမင်းမြတ် အရှင်မင်းကြီး ထင်သည့်အတိုင်း ကျွန်တော်မျိုး နေမကောင်းပါ"ဟု သံတော်ဦးတင်၏။

ထိုအခါ မင်းကြီးက

"တစုံတရာ အန္တရာယ်မပြုလျှင် ကျွန်ုပ် ပျောက်အောင် ကုသပေးပါမည်"ဟု ဆိုလေရာ

"အန္တရာယ် မပြုပါဘူး၊ ကျွန်တော်မျိုးဦးခေါင်း တွင်းထဲ ဝင်နေပါမည်"ဟု သံတော်ဦးတင်ပြီး တွင်းထဲ ခေါင်းထားပေးလေ၏။

ထိုအခါ မင်းတရားသည် နဂါး၏ ဝမ်းဗိုက်ကို ဓားငယ်နှင့် အနည်းငယ်ခွဲလိုက်ပြီး အကျိန့်အဖုအပြစ်ဒေါသတို့ကို ထုတ်ပယ်ပြီး ဆေးထည့်ပေးလိုက်ရာ နဂါးကြီး ကျန်းမာ ပကတိဖြစ်သွားလေသည်။ နဂါးကြီးသည် အလွန်လျှင်ကျေးဇူးတင်သဖြင့် ဗုဒ္ဓါသမင်းအား အာစရိယပူဇာ=ဆရာအား ပူဇော်သည့်အနေဖြင့် တန်ဖိုးများစွာ ထိုက်တန်သော ပတ္တမြားကြီးတစ်လုံး ပေးလိုက်လေသည်။ မင်းမြတ်သည် နဂါး ပေးလိုက်သော ပတ္တမြားကြီးကို အဘယဂီရိ ကျောင်းတိုက်အတွင်းရှိ

ကျောက်ဆင်းတုတော် မြတ်စွာဘုရား၏ မျက်လုံးဘော်တွင် တပ်ဆင် ပူဇော်တော်မူသည်။

ဤဝတ္ထု၌ နဂါးမင်းသည် အလွန်လိမ္မာလှသည်။ ဆရာ၏ ကျေးဇူးကိုလွန်စွာ သိတတ်သည်။ သို့ဖြစ်၍စာရှုသူသည်အဟိတ် တိရစ္ဆာန်သည်ပင် ဤမျှလောက် ကျေးဇူးသိတတ်ရာ ငါသည် လူသားဖြစ်လေရာ ပို၍ ဆရာသမားကျေးဇူး သိမည်ဟု သဘောပိုက်ကာ ထူးထူးခြားခြား ကျေးဇူး သိသူ ဖြစ်အောင် အားသစ်ရာ၏။

(ဆောင်) ကျွန်းလင်္ကာတွင် ရှေးယခင်က ဆယ်အင်ရာဇမ်
ကုံထံပြည့်ဝ ဗုဒ္ဓဒါသ နရိန္ဒအား ကုသပေးဘူး
မြတ်ကျေးဇူးကြောင့် ကြည်နူးလှစွာ စေတနာဖြင့်
နာဂရာဇာ ရတနာမဏိ ပေးတုန်ဘိသည်
သိလေ ဆရာ့ ကျေးဇူးတည်း။

---

၁။ ဒိသွာ သုခိတ မတ္တာနံ၊ ပန္နဂေါဒသာ မဟီ ပတိ။
ပူဇေတုံ တဿ ပါဒါသိ၊ မဟဂ္ဃံ မဏိ မတ္တနော။
သီလာ မယာယ သမ္ဗုဒ္ဓ—ပဋိမာယ အကာရယိ။
မဏိံ တံ နယနံ ရာဇာ၊ ဝိဟာရေ အဘယုတ္တရေ။
(မဟာဝံသ၊ ၃၇။ ၁၂၂–၃။)

# မာန်မပြုရာသော ပုဂ္ဂိုလ်ငါးဦး

ဘုရားမြတ်စွာသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် လွန်စွာ မာနကြီးသော (မာနတ္ထဒ္ဓ) ပုဏ္ဏားအား—

အိုပုဏ္ဏား....ငါဘုရား ဟောပြတော်မူမည်။ သဘောကျအောင် နားထောင်ပါ။ လောက၌ ပုထုဇဉ်ပုဂ္ဂိုလ်များ မာန်မာနရှိကြသည်။ ယင်းမာန်မာနကို မရှိအောင် မဖြစ်အောင် ထိန်းချုပ်ရမည်။ အထူးသဖြင့်—

၁။ အမိ၊

၂။ အဘ၊

၃။ နောင်တော်ကြီး (အစ်ကိုကြီး)၊

၄။ ဆရာသမား၊

၅။ ရဟန္တာပုဂ္ဂိုလ်—

ဟူသော ဤပုဂ္ဂိုလ် ၅-ဦးအပေါ် မောက်မောက်မာမာ မပြုကျင့်မိအောင် အထူးသတိထားရမည်။ ဘယ်နည်းနှင့်မျှ ဤပုဂ္ဂိုလ် ၅-ဦးအား မာန်မမူသင့်—စသည်ဖြင့် ဘုရားဇိနေဝ်ဟောတော်မူခဲ့သည်။[၁]

---

၁။ သံ၊ ၁။ ၁၈၉။ မာနတ္ထဒ္ဓသုတ်။

သို့ဖြစ်၍ တပည့်အရာတည်သော သာသနာ့ဝန်ထမ်း ရှင်သာမဏေ၊ ရဟန်းငယ်များနှင့် လူ့လောကတွင် တက္ကသိုလ်၊ ကောလိပ်၊ အဆက၊ အလက၊ အမက တို့၌ ပညာသင်ကြားနေကြသည့် တပည့်အခိုက် တည်ကြကုန်သော ပုဂ္ဂိုလ်တို့သည် မိမိတို့အား ပညာသင်ကြားပေးကြသည့် ဆရာသမားတို့အပေါ်၌လည်း မာန်မမူမိအောင် မောက်မောက်မာမာ မပြုမူမိအောင် သတိပြုရာ၏။ တချို့တပည့်များက ဆရာသမားများ၊ ဆရာ၊ ဆရာမကြီးများကို "ဆရာကြီးတို့ ခေတ်မမီဘူး၊ ဆရာမကြီးတို့ ခေတ်နောက်ကျနေပြီ၊ ဆရာကြီးတို့ နားမလည်ပါဘူး၊ ဆရာမကြီးတို့ နားမလည်ပါဘူး၊" စသည်ဖြင့် ရင့်ရင့်သည်းသည်း ပြောဆိုတတ်ကြသည်။ မပြောဆိုမိအောင် သတိပြုရာ၏။

(ဆောင်) အမိအဘ ထိုမှတသီး နောင်တော်ကြီးနှင့်
နည်းလမ်းသွန်သင် သခင်ဆရာ ရဟန္တာဟူ
ဤငါးဆူအား မာန်မူတိုက်ခံ မပြုရန်
ဘုန်းလျှံမြတ်စွာ မိန့်သတည်း။

## တပည့်မိုက်

ဘုရားရှင် သာဝတ္ထိပြည်တော် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာလည်း ဇေတဝန်ကျောင်း၌

သီတင်းသုံးတော်မူသည်။ အရှင်သာရိပုတ္တရာမှာ တပည့်တပါး ရှိသည်။ စောစောပိုင်းတွင် အရှင်သာရိပုတ္တရာ စကားကို နားထောင်သည်။ ပြောဆို ဆုံးမ၍ကောင်းသည်။ နောက်ပိုင်းတွင် ပြောဆိုဆုံးမ၍ မရ။ အရှင်သာရိပုတ္တရာက ဤအမှု လုပ်ပါဟု ဆိုသော်လည်း ခိုင်း၍မရချေ။ အရှင်သာရိပုတ္တရာကဲ့သို့သော ပုဂ္ဂိုလ်ကြီးများသော်မှ တပည့်ဆိုးနှင့် တွေ့ရသည်။ သံဝေဂဖြစ်စရာတည်း။ ဖော်ပြပါ တပည့်မျိုးကိုအတုမခိုးရာ။[၁]

(ဆောင်) တပည့်အပေါင်း
အကောင်းချည်းဟု မမှတ်ယူလင့်။
ဖြူစင်ဖြောင့်မတ် တပည့်မြတ်လည်း
ထက်ကြပ်မသွေ ကြုံတတ်ပေ၏
ပွေပွေနောက်နောက် မောက်မောက်မာမာ
သုံးရာမဖြစ် တပည့်ညစ်လည်း
စင်စစ်ရှိရှိး ကေန်တည်း။

## တပည့်လိမ္မာ ရသေ့ငါးရာ

တပည့်သည် အသက်အရွယ်ငယ်စဉ် ဆရာသမားနှင့် ကင်း၍ မနေလေနှင့်။ ဆရာသမား အနီးအနားမှာသာ နေရာ၏။

---

၁။ အကျယ် ကွာ၊ ၄၊ ၁။ ၂၄၁–၂၄၃။ (နန္ဒဇာတက ဝဏ္ဏနာ)

ဆရာသမားနှင့် ကင်းကွာ၍ နေလျှင် မပျက်တန်ပဲ ပျက်စီး တတ်သည်။

ရှေးရှေးအတိတ်ကာလက ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်း မင်းပြုအုပ်ချုပ်သည်။ ထိုစဉ်က ငါတို့ဘုရားအလောင်း တော်သည် ဥစ္စာစည်းစိမ် ဂုဏ်သိရ်မြင့်မားသည့် ပုဏ္ဏားမျိုး မှာ ဖြစ်၍ အရွယ်ရောက်သော် ရသေ့ဝတ်၊ အဘိညာဉ် သ မာပတ်တို့ကို ရရှိပိုင်ဆိုင်ပြီး စျာန်ဖြင့် ပျော်မွေ့လျက် ဟိမ ဝန္တာတော၌ အေးချမ်းစွာ နေတော်မူသည်။ နောက်လိုက် တပည့်ရသေ့များလည်း ငါးရာရှိသည်။ တပည့်ရသေ့တို့ကား လွန်စွာ လိမ္မာရေးခြားရှိကြသည်။ ဟိုဟိုဒီဒီ ကိစ္စရှိ၍ ကြွကြ လျှင် ဘုရားလောင်း ဆရာရသေ့အား ရှိသေစွာ ရှိခိုးဦးချပြီး ကြွကြသည်။

မိုးရာသီမိုးကာလ တနေ့တွင် ရသေ့ငါးရာတို့သည် ဗာရာ ဏသီပြည် သွားလိုကြောင်း လျှောက်သဖြင့် အလောင်းတော် ရသေ့က "အိုတပည့်တို့ ....သွားကြတာပေါ့၊ မိုးရာသီကုန် လျှင် ပြန်ခဲ့ကြရမည်။ မိမိကတော့ သည်ဟိမဝန္တာမှာပဲ တ ပါးတည်း နေရစ်မည်"ဟု မိန့်ဆိုခွင့်ပြုလေသည်။ ရသေ့ငါး ရာတို့သည် ဘုရားလောင်း ဆရာရသေ့ကို ရှိခိုးပြီး ဗာရာဏ သီသို့ ကြွကြကုန်၏။ ဗာရာဏသီ ပြည်သူပြည်သားတို့ များ စွာကြည်ညိုကြသည်၊ လှူဒါန်းကြသည်၊ ကျွေးမွေးကြသည်။ နောက်မကြာခင် ဗြဟ္မဒတ်မင်းကြီး သိသဖြင့် ကြည်ညိုပြီး

ဥယျာဉ်တွင် အဆောက်အအုံများ၌ မိုးတွင်းလေးလပတ်လုံး သီတင်းသုံးရန် လျှောက်ထားသည်။

တနေ့တွင် နက္ခတ်ပွဲသဘင်နှင့်ကြုံသည်။ နက္ခတ်ပွဲသဘင်နေ့တွင် မင်းနှင့်ပြည်သူပြည်သားတို့ ထန်းရည်အရက်များ သောက်ပြီး ပျော်ကြသည်။ ဗြဟ္မဒတ်မင်းလည်း မိမိကိုယ်ဘိုင်လည်း ထန်းရေ၊အရက်များ သောက်ပြီး ကောင်းခပဆိုသည့် ထန်းရေအရက်များကို ဥယျာဉ်ဘော်ဘွင်းရှိ ရသေ့များသောက်ရန် ပို့ဘူသေသည်။ ရသေ့ငါးရာဘို့သည်လည်း နန်းတော်က ဗြဟ္မဒတ်မင်း ပို့လှူသည့် ထန်းရေအရက်များကို သောက်ပြီး တချို့ရသေ့များက ကကြခုန်ကြသည်။ တချို့ရသေ့များက သီချင်းဆိုကြသည်။ ယင်းသို့ ကကြခုန်ကြ သီချင်းဆိုကြပြီး ပါလာသော ထန်းပိုးကောက်များကို ခေါင်းအုံးပြီး အိပ်ကြသည်။ အိပ်ရာက နိုးတော့မှ "ငါတို့မှားကုန်ကြပြီ၊ ရသေ့တို့နှင့် မတော်တဲ့အမှု ငါတို့လုပ်မိကြပြီး"ဟု ပြောဆိုကြကာ မျက်ရည်လွှတ်စို ငိုယိုကြကာ "ငါတို့ဆရာသမားနှင့် ကင်းကွာသဖြင့် ဤသို့ ယုတ်ယုတ်မာမာ ရသေ့များနှင့် လားလားမှ မသင့်လျော်တဲ့ ထန်းရည်အရက်သောက်မှုပြုကြသည်"ဟုပြောဆိုကြပြီး ဟိမဝန္တာဘော ဆရာထံ ပြန်သွားကြကုန်၏။ ဟိမဝန္တာတော ရောက်လျှင်ရောက်ချင်း အလောင်းတော်ဆရာရသေ့ထံ သွားရောက်ရှိခိုးဦးချကြရာ ဆရာရသေ့က အကျိုးအကြောင်း မေးရာ ဖြစ်ကြောင်းကုန်စင်ကို ပန်ကြားလျှောက်ထားကြကုန်၏။

## ဆရာရသေ့က ဩဝါဒပေး

အိုတပည့်ရသေ့တို့.... ဆရာနှင့် ကင်းလျှင် ဤကဲ့သို့ မလိုလားအပ်သော အရာများ ဖြစ်ရတတ်သည်။ နောက်ကိုသည်လို မဖြစ်စေကြကုန်လင့် စသည်ဖြင့် ဩဝါဒ ပေးတော်မူသည်။ တပည့်ရသေ့တို့ကလည်း နောင် သည်လို မဖြစ်စေရပါဟု ဝန်ခံ၍ ကောင်းစွာ နေထိုင်ကြကုန်၏။ တကယ်တော့ တပည့်လိမ္မာတို့သာတည်း။[၁]

(ဆောင်) ဆရာနှင့်ကင်း လွန်အမင်း
ချွတ်ယွင်းတတ်လေသည်။
ဆရာနှင့်သာ ကွေမကွာ မြဲစွာနေသင့်သည်၊
ဆရာ့စကား နားဆောင်ငြား
ကြီးပွားတိုးတက်သည်။
တပည့်လိမ္မာ ဖြစ်ဖို့ရာ မှန်စွာကြိုးရမည်။[၂]

### ဆရာကောင်းထံ ပညာသင်ခဲ့ရသဖြင့် ဒမြသူခိုး မဖြစ်ပဲ မင်းဖြစ်

ရှေးလွန်ခဲ့ပြီးသော အတိတ်အခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်။ ယင်းဗြဟ္မဒတ်မင်းမှာ ဗြဟ္မဒတ္တ

၁။ ဇာ၊ ၄၊ ၁။ ၃၀၃-၄။
၂။ ကြိုးစားရမည် ဟူ၏။

မည်သော သားတယောက်ရှိသည်။ ဗြဟ္မဒတ်မင်းသားသည် စိတ်အလွန်တိုသည်။ သူစိတ်မထင်လျှင် တွေ့ရာနှင့် ရိုက်နှက်တတ်သည်။ ပစ်ခတ်တတ်သည်။ စိတ်မထင် မထင်သလို လုပ်တတ်သည်။

ဘခင် မင်းတရားသည် သူ၏ သားကို နူးညံ့စေလိုသည်။ ပညာလည်း တတ်စေလိုသည်။ သို့ဖြစ်၍ အသက်ဆယ့်ခြောက်နှစ်အရွယ်တွင် လှသချင်းဘိနပ်တရံနှင့် သစ်ရွက်ထီးတလက် ငွေအသပြာတထောင်ဖြင့် ဂန္ဓာရတိုင်း တက္ကသိုလ်မြို့ ဒိသာပါမောက္ခဆရာကြီးထံ စေလွှတ်၍ ပညာ သင်ကြားစေတော်မူသည်။ ဒိသာပါမောက္ခဆရာကြီးသည် ဆရာတွက် ငွေအသပြာတထောင်ယူ၍ ဗြဟ္မဒတ်မင်းသားကို ကောင်းစွာ ပညာသင်ကြားပေးလေသည်။

## နှမ်းများ လုစားခြင်း

ဒိသာပါမောက္ခဆရာကြီးသည် နေ့စဉ်တပည့် ဗြဟ္မဒတ်မင်းသားနှင့်ရေချိုးသွားသည်။ ယင်းသို့ရေချိုးသွားစဉ် လမ်းအကြား အဖွားအိုတယောက် နှမ်းလှမ်းပြီး စောင့်နေသည်။ ဗြဟ္မဒတ်မင်းသားသည်။ လှမ်းထားသော နှမ်းများမှ လက်ဖြင့် ဆုပ်ယူပြီး စားလေ၏။ အဖွားက ဘာမျှမပြောပါ။ နောက်တနေ့လည်း လက်ဖြင့် ဆုပ်ယူစား၏။ ဘာမျှမပြောချေ။

တဖန် တတိယနေ့တွင်လည်း ဆုပ်ယူစားလေ၏။ ထိုအခါ အဖွားအိုက "အမယ်လေး လာကြပါတော် ဒိသာပါမောက္ခ ဆရာကြီးက သူ့တပည့်တွေကို ကျွန်တော်မ နှမ်းတွေ လုယက်စေတယ်"ဟု အော်လိုက်လေရာ ဆရာကြီး အကျိုးအကြောင်း သိသဖြင့် "အဖွားကြီးမအော်ပါနဲ့၊ တန်ဖိုးပိုက်ဆံ ပေးပါမယ်"ဟု ဆရာကြီးက ပြောလေရာ အဖွားအိုသ "တန်ဖိုးပိုက်ဆံ မလိုချင်ပါဘူး၊ နောက် သည်လိုမလုပ်အောင်သာ ဆုံးမပေးပါ"ဟု ပြောသဖြင့် ဒိသာပါမောက္ခ ဆရာကြီးက ဝါးခြမ်းဖြင့် ဗြဟ္မဒတ်လုလင်၏ လက် ၂ ဖက်ကို ဆွဲကိုင်ပြီး နောက်ကျောကို ၃ ချက် ရိုက်လေ၏။ ဗြဟ္မဒတ်မင်းသားသည် စိတ်ဆိုးမာန်ဆိုးနှင့် ဆရာကြီးကို မျက်လုံးပြူးပြီး ခေါင်းကနေ ခြေထောက်ကျအောင် ကြည့်လေ၏။ ဆရာကြီးကလည်း သည်တပည့် ငါ့ကို ကျေနပ်ပုံ မရ ဟု သိလေသည်။ ဗြဟ္မဒတ်မင်းသားသည် နှစ်အတန်ကြာ ပညာတတ်မြောက်သောအခါ ဟန်ဆောင်ပြီး ဆရာအားရှိခိုး၍ ငါမင်းဖြစ်လျှင် ဆရာကြီး လက်စားချေမည်၊ သတ်မည်ဟု ကြံရွယ်ချက်ဖြင့် ဗာရာဏသီ ပြန်သွားလေသည်။

## မင်းဖြစ်ပြီး ဒိသာပါမောက္ခဆရာကြီးကို သတ်ရန် အကြံဖြင့် ခေါ်ပြီ

ဗြဟ္မဒတ်မင်းသားသည် ဗာရာဏသီရောက်၍ မကြာမီ ဘခင်က အရိုက်အရာကို လွှဲအပ်သဖြင့် မင်းဖြစ်လေ၏။ ထိုအခါ

ဗြဟ္မဒတ်မင်းသစ်သည် ဒိသာပါမောက္ခ ဆရာကြီးကို သတိရန် အကြံဖြင့် မှာယူလေ၏။ ဆရာကြီးက ယခုအချိန် ငယ်သေးသည်။ စိတ်ခက်ထန်တုန်း ဖြစ်သည်။ သွားရန် မတော်ဟု သဘောပိုက်ပြီး မဇ္ဈိမအရွယ် အသက်လေးဆယ်ခန့်ကျမှ သွားမည် ဟု ကြံရွယ်သည့်အတိုင်း တပည့်ဗြဟ္မဒတ်မင်းသစ် မဇ္ဈိမအရွယ်တွင် ဗာရာဏသီသို့ သွားလေ၏။ နန်းတော်သို့ ရောက်လျှင် မာန်မာနတက်ကြွနေသော ဗြဟ္မဒတ်မင်းသစ်က "အိုဆရာကြီး... ဆရာကြီးသည် ကျွန်ုပ်အား နှမ်းတဆုပ်ယူသော အကြောင်းကြောင့် ဝါးခြမ်းဖြင့် ရိုက်နှက်လိုက်သော ဒဏ်ရာအနာချွက် ကျောမှာ ရှိသေးသည်။ ဆရာကြီးသည် တခါတော့ ဆရာကြီးအသက်ရှင်ရန် မရှိတော့ပြီ။ သေရန်သာ ပြင်ပေတော့"ဟု ဆိုလေရာ။ ဒိသာပါမောက္ခဆရာကြီးက "အိုမင်းကလေး....ဆရာက ရိုက်ဆုံးမလိုက်လို့ ယခုလို မင်းဖြစ်နေတာပါ။ ဆရာသာ ရိုက်နှက်မဆုံးမခဲ့လျှင် မင်းကလေးဟာ ယခုလို မင်း မဖြစ်ပဲ သူခိုးဗိုလ်၊ ဓားမြဗိုလ် ဖြစ်မှာသေချာတယ်"ဟု ဆိုလေရာ အလွန်ဒေါသထွက်နေသော ဗြဟ္မဒတ်မင်းကလေး ရှဘ်ဘခက် သတိရလာပြီး "အိုဆရာကြီး သည်းခံတော်မူပါ၊ ဟုဘ်လိုက်တာ ဆရာကြီးရယ်၊ သည်မင်းစည်းစိမ်အားလုံးကို ဆရာကြီးအား ပေးပါရစေ"ဟု ဆိုလေရာ ဆရာကြီးက "မလိုချင်ပါ"ဟုဆိုပြီး ဂန္ဓာရတိုင်း တက္ကသိုလ်မြို့တော် ပြန်သွားလေသည်။ ဗြဟ္မဒတ်မင်းကလေးသည် ဒိသာပါမောက္ခဆရာကြီး၏ ဇနီးသားသမီးတို့ကို ခေါ်စေ၍ များစွာ ချီးမြှောက်ပေးကမ်းပြီး ဒိသာပါမောက္ခ ဆရာကြီးအား

ပုရောဟိတ်ရာထူးပေးကာ ဘခင်အဆာထား၍ အဆုံးအမကို နာယူလျက် တိုင်းပြည်အုပ်ချုပ် မင်းလုပ်လေရာ ကွယ်လွန် လေလျှင် နတ်ပြည်၌ ဖြစ်၍ နတ်စည်းစိမ်ကို ခံစားရလေ၏။

ဤဝတ္ထု၌ ဆရာကောင်းသဖြင့် ဆိုးတေမည့် တပည့်သည် တပည့်လိမ္မာ ဖြစ်သည်။ နောက်မင်းဖြစ်သည်။ ဆရာ၏ကျေး ဇူးသည် အလွန်ကြီးမားလှ၏။ တပည့်မိုက်သည် တပည့်လိမ္မာ ဖြစ်ခဲ့သည်။ နောင်တွင် နတ်ပြည်ရောက်၍ နတ်သမီးများ စွာတို့ဖြင့် နတ်စည်းစိမ်ကို ခံစားရသည်။

(ဆောင်) ဆရာကောင်းက လူ့ဗာလ မချလိမ္မာသည်၊
ဆရာကောင်းက ဗာလတပည့် ဖြစ်လေဘိလည်း
လူ၏သနင်း မင်းရာဇာ မှန်စွာဖြစ်နိုင်သည်။

## ဒိသာပါမောက္ခ ဆရာကြီး၏ တပည့်လိမ္မာ

လွန်လေပြီးသော ရှေးအတိတ်ကာလက ဗာရာဏသီပြည် ၌ သုသိမ အမည်ရှိသော မင်းတပါး မင်းပြုသည်။ ထိုခဉ်က ငါတို့အလောင်းတော်သည် ပုရောဟိတ် ပုဏ္ဏား၏ သားဖြစ် တော်မူသည်။ အသက်အရွယ်ငယ်စဉ်တွင် ဘခင်ပုရောဟိတ် ပုဏ္ဏား ကွယ်လွန်ခဲ့သည်။

---

၁။ အကျယ်ဇာ၊ ၃၊ ၂။ ၂၅၃-၂၅၇-ကြည့် (တိလမုဋ္ဌိဇာတ်)

ဘခင်ပုရောဟိတ်ပုဏ္ဏားက စပြီး ၇-ဆက်တိုင်တိုင် နန်းတော်ကဆင်များကို ဆင်ကောင်းဆင်ဆိုး ရွေးချယ်ပြီး မင်္ဂလာဆင်ဖြစ်ထိုက်သော ဆင်များကို ရွေးချယ်၍ မန္တာန်မျိုးစုံရွတ်ဖတ်၍ မင်္ဂလာဆင်အဖြစ် မင်္ဂလာပြုရသည်။ ထိုအခါ သုသိမမင်း၏ ဆင်းများ မင်္ဂလာဆင်အဖြစ် သွတ်သွင်းမွမ်းမံရန် ရက်သတ်မှတ်လေရာ ၄-ရက်သာလိုတော့သည်။ ပုဏ္ဏားများက သုသိမမင်းကြီးအား "ပုရောဟိတ်၏ သားသည် အလွန်ငယ်နေပါသည်။ ဆင်ကျန်အတတ်ကိုလည်း မတတ်ပါ။ ဗေဒင် ၃-ပုံကိုလည်း မတတ်ပါ"ဟု မင်းကြီးအား သံတော်ဦးတင်ကြသည်။

ယင်းအကြောင်းကို ကွယ်လွန်သူ ပုရောဟိတ်ကတော်၊ အလောင်းတော်သတို့သား၏ မိခင်ကြီး ကြားသိသဖြင့် မျက်ရည်လွတ်စို ငိုယိုလေသည်။ အလောင်းတော်သတို့သားသည် မိခင်ကို "အိုအမိ ... ဘာပြုလို့ ငိုယိုရသနည်း"ဟုမေးလေရာ မိခင်က "အိုလူကလေး နောက် ၄-ရက်မြောက်နေ့မှာ နန်းတော်မှာ ဆင်များကို မင်္ဂလာဆင်အဖြစ် ရွေးချယ်၍ သွတ်သွင်းမွမ်းမံမှာ ဖြစ်တယ်။ လူကလေး ဖခင်ရှိစဉ်က လူကလေး ဖခင်ဟာ မင်္ဂလာအဖြစ် သွတ်သွင်းတယ်။ ယခု လူကလေး ဖခင်မရှိတော့ သွတ်သွင်းခွင့်မရဘူး၊ သွတ်သွင်းခွင့်ရလျှင် အသပြာ တစ်ကုဋေခန့် ရရှိတယ်လူကလေး"ဟု မိခင်က ပြောရာ-

"အိုအမိ ... ကျွန်တော်ရှိရဲ့သားနှင့် ဘယ့်နှယ် ကြောင့် သည်လိုဖြစ်ရတာတုန်း"ဟု မေးလေရာ.... မိခင်က "လူကလေးငယ်သေးတယ်၊ ပညာမတတ်ဘူးဆိုပြီး အခြားပုဏ္ဏားတွေ

မင်္ဂလာဆင်ပြုလုပ်ရန် ရှင်ဘုရင်က တာဝန်ပေးထားတယ်တဲ့ လူကလေး”ဟုဆိုရာ၊ အလောင်းတော်သတို့သားက “အိုအမိမပူပါနဲ့။ ကျွန်တော့်ကို ငွေတစ်ထောင် ပေးပါ၊ ဗေဒင် ၃-ပုံနှင့် ဆင်ကျန် အဘတ်ကို အမြန်တတ်အောင် သင်ကြားပြီး ကျွန်တော်ပင် မင်္ဂလာဆင်အဖြစ် ရွေးချယ်သွတ်သွင်းပါမည်”ဟုဆိုပြီး နောက်တနေ့ မိခင်အား ရှိခိုးပြီး တက္ကသိုလ်ပြည်သို့ သွားလေ၏။

အလောင်းတော်သတို့သားသည် ယူဇနာ ၂၀၀ (နှစ်ရာ) ကွာလှမ်းသည့် တက္ကသိုလ်ပြည်သို့ နေ့ချင်းပေါက်သွားလေ၏။ ရောက်လျှင် ရောက်ချင်း ဒိသာပါမောက္ခဆရာကြီးအား ရှိခိုးထိုင်နေလေသည်။ ဆရာကြီးအား အကျိုးအကြောင်း စကားပြောပြီး အတူညစာထမင်းစားပြီး ဒိသာပါမောက္ခဆရာကြီး၏ ခြေထောက်များကို ပွတ်တိုက်ဆေးကြောပြီးလျှင် ငွေတထောင် ဆရာကြီးအား ကန်တော့ပြီး “ဆရာကြီး ကျွန်တော် အရေးကြီးပါသည်။ သည်နေ့မှ နောက် ၃-ရက်မြောက်မှာ ဆင်မင်္ဂလာပြုပွဲ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သည်ညအဖို့ရာ ကျွန်တော်အားသာသင်ပေးပါ”ဆိုရာ ဆရာကြီးကလည်း “အိုတပည့်အမျိုးသား သင်ပါ၊ ဖြစ်ပါတယ်၊ တညလုံးခွင့်ပေးပါမည်”ဟုဆိုသဖြင့် သင်ယူရာ အာရုံဘက်၍သင်းသည်နှင့်တပြိုင်နက် ဗေဒင် ၃-ပုံနှင့် ဆင်ကျန် အဘတ်ကို ပါရဂူပေါက် တတ်မြောက်တော်မူခဲ့လေသည်။ အလောင်းတော်သတို့သားသည် နံနက်စောစောထမင်းစားပြီး ဒိသာပါမောက္ခ ဆရာကြီးအား

ရှိသေစွာ ရှိခိုးပြီး ဗာရာဏသီပြည် ပြန်လာပြီး မိခင်အား နှစ်သိမ့်စေခဲ့လေသည်။

နောက်တနေ့ သုသိမမင်းသည် နန်းတော်၌ ဆင်ကောင်ရေတရာကို နှာမောင်းတန်ဆာများ ဝတ်ဆင်၊ တံခွန်အလံများ စိုက်ထူ၊ ရွှေဇာများခြုံ၍ နန်းရင်ပြင် တခုလုံးကိုလည်း တန်ဆာဆင်ထားလေသည်။ သုသိမမင်းလည်း ဆင်မင်္ဂလာသဘင်တွင် ထွက်တော်မူ၍ ရှုစားလေ၏။ ပုဏ္ဏားလည်း အခြံအရံများနှင့်တကွ လာရောက်ကြကုန်၏။ အလောင်းတော်သတို့သားသည်လည်း အခြံအရံ သူငယ်ချင်းများဖြင့် မင်းမြတ်ထံ ဝင်ရောက်ခစားပြီး "အိုမင်းတရား ... ကျွန်တော်မျိုး၏ ဘခင်ပုရောဟိတ်မှစပြီး ၇-ဆက်တိုင်တိုင် ဆင်များကိုမင်္ဂလာဆင်များအဖြစ် ပြုလုပ်သွတ်သွန်းခဲ့ရာ ကျွန်တော်မျိုး လက်ထက်ကျတော့မှ သွတ်သွန်းမရပဲ ရှိမည်ကဲ့သို့ဖြစ်နေပါသည်။ ကျွန်တော်မျိုးပင် မင်္ဂလာဆင်များအဖြစ် သွတ်သွန်းပြုလုပ်ပါရစေ"ဟု သံတော်ဦးတင်လေရာ မင်းမြတ်က "အိုပုဏ္ဏားကလေး.... သင်ကို အလွန်ငယ်သေးသည်၊ ဗေဒင်လည်း မတတ်၊ ဆင်ကျမ်းအတတ်လည်း မတတ်ပါ"ဟု သင့်ရှေ့မှာရှိသော ပုဏ္ဏားများက သံတော်ဦးတင်ကြသည်။ သို့ဖြစ်၍ ပုဏ္ဏားများကို တာဝန်ပေးထားသည်"ဟုမိန့်တော်မူလေသည်။

"အိုမင်းမြတ် .... ဆင်ခြင်တော်မူပါ။ ဤဇမ္ဗူဒိပ်တွင် ဗေဒင် ၃-ပုံနှင့် ဆင်ကျမ်းအတတ် ကျွန်တော်မျိုးထက်သာသူ မဆိုထားဘိ၊ ကျွန်တော်မျိုးနှင့် တူသူပင် မရှိပါ"ဟုသံတော်ဦးတင်လေရာ သုသိမမင်းတရားက ပုဏ္ဏားများအား ဆင်

များကို မင်္ဂလာဆင်အဖြစ် မပြုစေပဲ အလောင်းတော်ပုဏ္ဏား ကိုသာ မင်္ဂလာဆင်တော်များအဖြစ် သွတ်သွင်း မွမ်းမံ စေလေ၏။

ဤဝတ္ထု၌ အလောင်းတော်ပုဏ္ဏားကလေးသည် အလွန် လိမ္မာသော တပည့်ဖြစ်ကြောင်း သိသာသည်။ ပညာလည်း တကယ်တတ်သည်၊ ဗေဒင် ၃-ပုံနှင့် ဆင်ကျွန်အတတ်ပညာ တတ်ကြောင်းလည်း ရဲဝံ့စွာ ဝန်ခံလေသည်။

အိုတပည့်လိမ္မာ စာတော်ဖတ် ဘယ်လောက် အတုခိုးစရာ ကောင်းသနည်း။ တပည့်လိမ္မာဖြစ်အောင်လည်း ကြိုးစားပါ။ ထိပ်ထိပ်ကျ ပညာတတ်အောင်လည်း ကြိုးစားပါ။

(ဆောင်) အိုတပည့်ရှယ် သူသူငယ်၊
ပညာတတ်အောင် ကြိုးစားပါကွယ်။
ကြိုးစားလျှင်လေ မှန်မသွေ၊
သရေတင့်ရှန်း ဖြိုးမည်ပေ။[၁]

## တပည့်လိမ္မာ နိဂြောဓသာမဏေ

နိဂြောဓ သာမဏေသည် ဗိန္ဒုသာရမင်း၏ သားတော်ကြီး သုမနမင်းသား၏ သားဖြစ်သည်။ ဓမ္မာသောကမင်းသည် သုမနမင်းသားကို ဖမ်းယူကွပ်မျက်သဖြင့် သုမနမင်းသား၏ ကြင်

---

၁။ ပညာတတ်ပြီး ကျက်သရေတိုးမည်ဟူ၏။

ဖော် သုမနာဒေဝီသည် ပါဋလိပုတ် မြို့တော်အနီး စဏ္ဍာလရွာ၌ အသွင်ဖျောက်၍ နေသည်တွင် နိဂြောဓ သတို့သားကို ဖွားမြင်ခဲ့လေသည်။ သက်တော် ၇-နှစ်သားအရွယ်တွင် အရှင်မဟာဝရုဏထေရ် အထံတွင် ရှင်သာမဏေ ဝတ်ရာ ဆံချအပြီးတွင် ရဟန္တာ ဖြစ်တော်မူသည်။ သီရိဓမ္မာ သောက မင်းကြီးသည် ဖော်ပြပါ နိဂြောဓသာမဏေကို ကြည်ညိုသည်မှစ၍ ဘုရားဗိနော် သာသနာတော်ကို အလွန်ကြည်ညိုသည့် မင်းတရားဖြစ်လာလေသည်။ ဇမ္ဗူဒိပ် တကျွန်းလုံး ကျောင်းတိုက်ပေါင်း ရှစ်သောင်းလေးထောင်၊ စေတီရောကန်ပေါင်း ရှစ်သောင်းလေးထောင်တို့ကို တည်ဆောက်ခြင်း၊ တတိယသံဂါယနာ မဟာဓမ္မသဘင်ကြီးကို ဒါယကာခံ၍ တင်စေခြင်း စသည်ဖြင့် ကုဋေရှာပေါင်းများစွာကို သာသနာအတွက် အကုန်အကျခံတော်မူခဲ့သည်။

ဖော်ပြပါ သီရိဓမ္မာ သောက မင်းတရားသည် ကနဦးက နိဂြောဓသာမဏေ၏ အပ္ပမာဒ တရားဒေသနာတော်ကို ကြားနာပြီး အဆုံး၌ ကြည်ညိုလှသဖြင့် အမြဲဆွမ်းဝတ်ရှစ်ခု လှူဒါန်းလေရာ "အို ဒကာတော် မင်းတရား ... ကိုယ်ရင်ကို မလှူပါနှင့်၊ ကိုယ်ရင်မှာ ဥပဇ္ဈာယ်ဆရာ ရှိပါတယ်၊ အဲဒီ ဥပဇ္ဈာယ် ဆရာတော်အားလှူပါ"ဟု ဆို၏။

ထိုအခါ မင်းတရားက

"အို ကိုယ်ရင်....ကိုယ်ရင်ကိုလဲ လှူမယ်၊ ကိုယ်ရင်ရဲ့ ဥပဇ္ဈာယ် ဆရာတော်ကိုလဲ လှူမယ်"ဟု လျှောက်ထားပြန်ရာ

"ဒကာတော်မင်းတရား၊ တဖန် ကိုယ်ရင်အတွက် ဆွမ်းရှစ်အုပ်ကို အတတ်ပညာ သင်ပေးတဲ့ ဆရာကို လှူဒါန်းပါ၊ ကိုယ်ရင်ကို မလှူပါနှင့်"ဟု ဆိုပြန်ရာ

"အို ကိုယ်ရင်.... ကိုယ်ရင်ကိုလဲ လှူမယ်၊ ကိုယ်ရင်ကိုပညာသင်ပေးတဲ့ ဆရာတို့လဲ လှူမယ်"ဟု လျှောက်ထားလေ၏။

တဖန် "အိုဒကာတော် မင်းတရား၊ ကိုယ်ရင်အတွက် လှူတဲ့ ဆွမ်းဝတ် ရှစ်ဝတ်ကို သံဃာတော်အား လှူပါ၊ သံဃာတော်ဆိုတာ ကိုယ်ရင် ဥပဇ္ဈာယ်ဆရာနှင့် ပညာသင်ပေးတဲ့ ဆရာများ ဖော်ပြပါ သံဃာတော်ကို အမှီပြု၍ ရှင်သာမဏေအဖြစ်၊ ရဟန်းအဖြစ်ကို ရခဲ့ကြတယ်၊ ကိုယ်ရင်၏ သာမဏေအဖြစ်ကိုလဲ သံဃာတော်ကို အမှီပြုရ၍ ရခဲ့တယ်၊ သို့ဖြစ်၍ သံဃာတော်အား လှူပါ"ဟု ဆိုလေ၏။

ဤဝတ္ထု၌ နိဂြောဓ သာမဏေသည် သီရိဓမ္မာသောကမင်းက လှူဒါန်းသည့် ဆွမ်းဝတ်များကို မိမိ အလှူမခံဲ့ ဥပဇ္ဈာယ်ဆရာ၊ ပညာသင်ပေးသော ဆရာ၊ ကျေးဇူးများလှသော သံဃာတော်တို့အား လှူဒါန်းရန် ညွှန်ကြားခဲ့လေသည်။ အလွန်လျှင် မှတ်သားဖွယ်ရာ ကောင်းသည်။ တကယ်ကော့ သာသနာတော်၌ အတုယူရမည့် စံပြုနမူနာဖြစ်လေသည်။

---

၁။ အကျယ်၊ ဝိ၊ ၄၊ ၁။ ၃၆။ ကြည့်။

(ဆောင်) နိဗ္ဗာန်ဟု မုနိဘုန်းဝေ သာမဏေကား
ပရမေမြတ်စွာ သာသနာတွင် လွန်လျှင်အထူး
ကျေးဇူးဥပကာ များလှစွာ၏ ဓမ္မာသောက
နာမတွင်ဘိ ဘူပတိလည်း နိဗ္ဗာန်တွင်
ထိုအရှင်ကြောင့် ရှင်ပင်သာသနာ ကြည်ညိုလာ၏
သဒ္ဓါကြည်ဖြူ လှူလှူသမျှ ဆွမ်းဒါနလည်း
ဆရာ့ဆရာ ပေးလှူပါသည်
မြတ်စွာသာသနာ့ စံပြတည်း။

## တပည့်လိမ္မာ ပုဏ္ဏားလုလင်

လွန်ခဲ့သော အတိတ်ကာလ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ငါတို့ ဘုရားလောင်းတော်သည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်လျှင် ဗာရာဏသီပြည်ရှိ ဒိသာပါမောက္ခ ဆရာကြီး၏ တပည့်ငါးရာတို့၏ ခေါင်းဆောင် ဖြစ်၍ အတတ်ပညာ အရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်။

ထိုစဉ်က ဒိသာပါမောက္ခ ဆရာကြီးမှာ သွား၊ ရိုး၊ ရှယ်၊ ဆံ၊ ရေ—ငါးတန်ဟူသော ကျန်အင်္ဂါလက္ခဏာနှင့် စုံညီပြည့်စုံသည့် သမီးပျိုတစ်ယောက် ရှိရာ ဒိသာပါမောက္ခ ဆရာကြီးက သမီးကို အကျင့်စာရိတ္တကောင်းသည့် တပည့်အား ပေးမည်ဟု ကြံစည်၍ "အို တပည့်တို့ ငါဆရာသည် မိမိသမီးကို စုလျား ရစ်ပတ် လက်ထပ်ထိမ်းမြားမည်ဖြစ်ရာ သမီးနှင့် ထိုက်တန်သည့်

လက်ကောက်၊ လက်ကြပ်၊ ဆွဲကြိုး၊ ပုတီး၊ ခြေကျင်း၊ အဝတ်အထည်၊ ထမီ စသည် သင့်လျော်သော အဆင်းတန်ဆာများကို ဆွေမျိုးဉာတကာ စသည့် ပုဂ္ဂိုလ်တဦးတယောက်မျှ မသိအောင် ဆောင်ယူခဲ့ကြရမည်''ဟု ဆိုလေ၏။ ထိုအခါ တပည့်အားလုံးတို့သည် အဆင်းတန်ဆာ အမျိုးမျိုးတို့ကို ဆွေမျိုးဉာတကာတို့ မသိအောင် ခိုး၍ ဒိသာပါမောက္ခ ဆရာကြီးအား အပ်နှံကြကုန်၏။ အလောင်းတော်ပုဏ္ဏားလုလင်သည် တန်ဆာတစုံတခုမျှ ခိုးဆောင်၍ မပေးချေ။

ထိုအခါ ဒိသာပါမောက္ခဆရာကြီးက

"အို တပည့်.... အခြားတပည့်တွေ တန်ဆာအမျိုးမျိုး ခိုး၍ ဆောင်၍လာ၏၊ သမီးအတွက် ပေးလာကြသည်၊ သင်ကား တစုံတခုသော တန်ဆာကို ဆောင်ယူမပေး၊ အကြောင်းဘယ်သို့နည်း" ဟု မေးလေရာ

အလောင်းတော် ပုဏ္ဏားလုလင်တပည့်က

"အိုဆရာကြီး၊ ဆရာကြီးသမီး မရလျှင် နေပါစေ၊ ကျွန်တော်မျိုး တန်ဆာပစ္စည်း တစုံတရာကို ခိုးမပေးနိုင်ပါ၊ မကောင်းမှု ပြုရာ၌ ဆိတ်ကွယ်ရာဟူ၍ မရှိပါ'' စသည်ဖြင့်ပြောကြားလေရာ ဒိသာပါမောက္ခ ဆရာကြီးသည် မိမိသမီးကို တန်ဆာဆင်ယင်ပြီး အလောင်းတော် ပုဏ္ဏားလုလင်အား ပေးလိုက်လေသည်။

---

၁။ အကျယ် ဇာ၊ ၅၊ ၁၇–၁၀ ကြည့်။

အလောင်းတော် ပုဏ္ဏားလုလင်သည် အလွန်လျှင် လိမ္မာခြင်းရှိသည့် တပည့်ဖြစ်လေသည်။ အိုတပည့်လိမ္မာ စာဖတ်သူငယ်.... သင်သည် အလောင်းတော် ပုဏ္ဏားလုလင်ကလေး၏ ကျင့်ပုံကို အတုယူကျင့်ဆောင်ပါလော။

(ဆောင်) အလောင်းတော်သခင် လုလင်ပျိုကား
ထူခြားလှစွာ လွန်လိမ္မာ၏ အရာရာတွင်
လွန်မြော်မြင်၏ သင်လည်းယခု အတုယူကာ
လောင်လျှာလမ်းစဉ် လိုက်စေချင်သည်
အစဉ်ကောင်းဖို့ မှာတမ်းတည်း။

တပည့်လိမ္မာတို့ ကျင့်ဆောင်ရန် အက္ခရာ ရှစ်လုံး
တပည့်လိမ္မာတို့သည်

၁။ သု — စိ — ပု — ဘာ

၂။ ဝိ — ယိ — သိ — ဓာ

ဟူသော အက္ခရာရှစ်လုံးကို လာဝစဉ် လိုက်နာကျင့်ဆောင်ပါက ပါရဂူမြောက် "တစ်" ခေါ်လောက်သည့် ပညာရှိ ကဝိ **ဖြစ်မည် ကေန်ဖြစ်၏။**

ဖော်ပြပါ အက္ခရာရှစ်လုံးအနက်—

သု = သုဏေယျ=နာယူရာ၏။ နာယူရမည်ဟူ၏။

ဆရာပြောသမျှ နိစ္စထာဝစဉ် မပျက်မကွက်အောင် သင်ယူလိုက်နာပါ ဟူ၏။

စိ = စိန္တေယျ=ကြံစည်ရာ၏။ ကြံစည်ရမည်ဟူ၏။

စာကို ကြံပါ။ ပုဒ်နေပုဒ်ထား ပုဒ်သွားပုဒ်လာ အဓိပ္ပါယ်သဘောသကာန့် စသည်တို့ကို ကြံစည်ပါဟူလို၏။

ပု = ပုစ္ဆေယျ=မသိလျှင် မေးပါဟူလိုသည်။

သီတင်းသုံးဖော် အချင်းချင်း ကျောင်းသား အချင်းချင်း မေးပါ။ သို့မဟုတ် ဆရာသမား စသူတို့ကို မေးပါ။ မေးမြန်းပါက လိုအပ်သော အဓိပ္ပါယ်များ သဘောပေါက်နိုင်ပါသည်။ ထို့ကြောင့် "မသိမေး-မစင်ဆေး"ဟု ရှေးသူဟောင်းတို့ ဆိုကြသည်။

ဘာ = ဘာသေယျ=ဆိုပါ၊ ရွတ်ပါဟု ဆိုလိုသည်။

ကျမ်းစာများကို ဆရာကောင်းထံ ဆိုပါ။ တောင်၍ဆိုပါ။ စာဆိုစာလိုက်ပြီးလျှင် အသံထုတ်၍ လှည့်ပါး ရွတ်ပါ။ ကျက်သင့်သော ကျမ်းစာများကို နှုတ်လွတ်ပြန်ဆိုပါ။

ဝိ = ဝိသဇ္ဇေယျ=ဖြေဆိုရာ၏။

မေးလျှင် ဖြေပါ။ ပြောဆိုနိုင်အောင် ကြိုးစားပါ ဟူလို။

လိ = လိခေယျ=ရေးရာ၏။

စာဆိုတာ တကယ်တော့ ရေးမှ တတ်သည်။ နေ့စဉ် တချိန်ထား၍ ရေးပါ။

သိ = သိက္ခေယျ–သင်ယူရာ၏။

ဆရာကောင်းထံ ချဉ်းကပ်၍ ဝတ်ကြီးဝတ်ငယ် ပြုပြီး မပျင်းမရိ သင်ယူရာ၏။

ခါ = ခါရေယျ=နှုတ်ရဆောင်ရာ၏၊ အာဂုံဆောင်ရာ၏။

တကယ်တော့ အာဂုံ၌မှ အာဂလူ ဆိုသည့်အတိုင်း အာဂုံမှ အထွတ်အထိပ်ရောက် ပညာတတ်မြောက်နိုင်သည်။ သို့ဖြစ်၍ ထိပ်တန်း ပညာရှင်လုပ်မည့် တပည့်လိမ္မာသည် ကျမ်းဂန်များစွာတို့ကို အာဂုံဆောင်ရာ၏။

သာသနာ့ဝင်ကျမ်း ရဟန်း-သာမဏေသည် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဒွေမာတိကာ၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း ဧဗဒဝိန္တာ၊ ကစ္စာယနသာရ၊ ဓာတွတ္ထသင်္ဂြိုဟ်၊ ပုဒ်စစ်၊ သဒ္ဒါစစ်၊ သံဝဏ္ဏနာ၊ နည်းလေးဆယ်၊ မာတိကာအရကောက်၊ ဓာတုကထာ အရကောက်၊ ယမိုက် အရကောက်၊ ပဋ္ဌာန်းအရကောက် စသည်တို့ကို အာဂုံဆောင်ရာ၏။

အင်္ဂလိပ်စာ သင်ယူသူ ကျောင်းသားသည် အနည်းဆုံး အင်္ဂလိပ် အဘိဓာန် တအုပ်လောက် အရဆောင်ရာသည်။ မြန်မာစာ လေ့လာသူသည် စတုဓမ္မသာရ ကိုးခန်းပျို့၊ မဃဒေဝလင်္ကာ၊ ကဗျာ လင်္ကာ စည်းကမ်းဥပဒေများကို အရဆောင်ရာ၏။

ဖော်ပြခဲ့သည့်အတိုင်း အားထုတ်ပါက မုချဆတ်ဆတ် စာပေကျမ်းဂန် တတ်မြောက်မည်သာ ဖြစ်သည်။ အောက်ဖော်ပြပါ ရှင်မဟာ ရဋ္ဌသာရ၏ သု-စိ-ပု-ဘာ ဆုံးမစာကို အရဆောင်ရာ၏။

## သု·စိ·ပု·ဘာ ဆုံးမစာ

သု-စိ-ပု-ဘာ ဝိ-လိ-သိ-ခါ အက္ခရာစွဲသုံး ဉာဏ်ရှစ်လုံးကို သိကုံးပန်းသွင် နေ့တိုင်းဆင်လော့ စာသင်ပျိုနု အခြေပြုတို့ ဥဇုဘူတ လုံ့လပြင်းစွာ သူ့ထက်ငါဟု နှုတ်မှာရွရွ ကြိုးပမ်းကလျှင် သိပ္ပကျေးဇူး အထူးသိမြင် ပညာရှင်ဟု မထင်မပေါ် မကျော်ဇောပဲ တီမှာလွဲအုံ့ အရဲကြိုးကုတ် ကြွက်ရဲစုတ်သို့ အားထုတ်ခုံမင် မသင်မအံ မကြုံမမေး ဆွေးနွေးရောနှော ပြောဟောမှဲ့ထွ ပေချပ်ရေ့ဖြင့် ကုန်ခင် ဆန်းသာ သင်ချေပါလည်း ဘယ်မှာဂုဏ်ရှင် ကျော်ဇော ဆင်ချိမ့် စာသင်ယူက ကျမ်းထိုမျှကို တွေ့ကမရှောင်

ကြောင်ပုဇွန်စား ကြွပ်ကြွပ်ဝါးသို့ လွှသွားပမာ ကျောက်
ထက်စာကို လိုရာရောက်အောင် ကြံဆောင်လေ့ကျက် အ
နက်အဓိပ္ပါယ် နှုတ်ဝယ်ရွရွ ထားချေမှသည့် အစပေါ်လျှင်
ချည်စဝင်သို့ သဘင်မှဲ့မှောက် ဆိုရေးရောက်က လန့်ကြောက်
မရှိ သတိမြဲခိုင် ကျောက်တိုင်ပမာ ကေသရာသို့ ရှုံ့ရှာမဲ့
လျှင်း ဆိုခင်းနည်းနာ အဖြာဖြာကို မကြာနှုတ်လျှောက်
ခန့်ချင့်ယောက်လော့ အံ့လောက်ဖွယ်သာ ဂါထာပါဠိ
သား စကားဝိုက်လည် စည်ရှည်ရှေးတီး စကားကြီးက
စသည်ထိုထို ဝိဂ္ဂိုဟ်ဝစနတ် ခေတ်ရပစ္စည်း ထုံးနည်းပမာ
ဂါထာဆန်းဂိုဏ်း ကရိုဏ်းဌာနစစ် ဖွင့်လှစ်ဋီကာ အဋ္ဌက
ထာပါဠိ အောက်ထက်ညှိ၍ ကဝိလက္ခဏာ အဖြာဖြာကို
သေချ[1]ဆည်းဆ ဆိုဝံ့ကလျှင် ဘ၀ဤတွင် ခုမျက်မြင်
လည်း မထင်ဘယ်မှာ ရှိဘိရာအံ့ သံသရာလည်း ပမာကဲ
လွန် အဆုံးစွန်မူ ညီမွန်တုလွတ် သုံးလူ့နတ်ဝယ် အကျွတ်
ဘယ်မှာ ဝေးတော့မည်။

---

၁။ အင်းဝ စာဆိုအကျော် အရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာ
ဖြစ်သည်။

## ပညာမရ ဒုက္ခတွေကြုံ အဖုံဖုံ

အိုပညာရှာမှီး အမျိုးသား အမျိုးသမီး.... အတတ်ပညာကို ပေါ့ပေါ့သေးသေးဟု မတွေးမထင်လေနှင့်၊ လေးလေးနက်နက် ထားပြီး စဉ်းစားပြီး ပါရဂူရောက် တစ်ခေါ်လောက်အောင် တတ်မြောက်အောင် သင်ယူပါ။ ရှေးအတိတ်ကာလက ကုဋ္ဌေလေးဆယ် စည်းစိမ်ကြွယ်သည့် ပညာမတတ်သည့် ဗာရာဏသီ သူဌေးသား၏ ဖြစ်တွေကို အောက်ပါပုတ္တောဝါဒ ဆုံးမစာကို ဖတ်ရှုဆောင်မှတ်ကာ ပညာမရ ပညာမတတ်သဖြင့် ဒုက္ခအဖုံဖုံ ကြုံရပုံကို သံဝေဂဖြစ်ပွားပြီး "လသာတိုင်းမိုင်းငံ" ဆိုသလိုကျန်းမာရေးကောင်းတုန်း မိုးဦးပေါက်သစ် မျှစ်စို့လေးလို နုပျိုတုန်း ငယ်တုန်း ပညာကြိုးစားစမ်းပါလေ။

(ဆောင်) ရှေးသရောခါ ပြည်ဗာရာဝယ် ကုဋ္ဌေလေးဆယ်
စည်းစိမ်ကြွယ်သား၊ သူဌေးအားလျှင် စာပေမကျ
မိဘစုတေ ခန္ဓာရွေ့သော် အရှေ့အနောက်
တောင်မြောက်ဘယ်မှာ မသိပါပြား
သူဌေးသားသည် သိထားမတတ်
အရပ်ရပ်၌ နှံ့အပ်ဥစ္စာ ရှိသည့်ငွေကို
များစွာကျန်ပေါင်း မကောင်းခိုးသူ
ယူ၍ပြေးရှောင်း အိမ်ကိုရောင်း၍

ထောင်းထောင်းကျေညက် ခွက်လက်စွဲကာ
တောင်းစားပါလည်း နှင်သာလူမိုက်
ဒုစရိုက်ဟု ရိုက်ပုတ်လိုက်ကြ ရှာမှထွက်လေ
တောမှာသေသည် ကောင်းသေလင်းတ
ကျ၏တည်း။[၁]

## ဆရာချစ်အောင်လုပ် ဆရာ ကာမပြန်နှင့်

မြှော်မှန်းချက် ကြီးကြီးထားသည့် တက်လူအမျိုးသား အမျိုးသမီး တပည့်လိမ္မာသည် ကိုယ်ဆက်ပညာ ဂုဏ်ရည်သာ လွန်သည့် ဆရာသမား ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူး၊ ကထိက စသည့်ပုဂ္ဂိုလ်များနှင့် ချစ်ခင်အောင် ဆက်ဆံပါ။ မေတ္တာရေသည် စန္ဒကူးနှင်းခဲပါင်း ထောင်သောင်းမက အေးမြသည် မဟုတ်ပါလော့။ ဖေါ်ပြပါ ဆရာသမား မိတ်ကောင်းဆွေမှန်တို့က တင်ပေးမှ အထက်တက်နိုင်သည်။ ရင်းပြင် အတတ်ပညာ သင်ပေးဘူးသော ဆရာသမားကို ဘယ်တော့မှ ကာမပြန်နှင့်၊ အာမခံနှင့်၊ ဗျိုင်းတိရိစ္ဆာန်ဆရာကို အာခံသဖြင့် အာခေါင် လှံစူးဘူးသည့် အမျိုးသား တဦး၏ ဖြစ်ရပ်ကို ပြောသည့် အောက်ဖေါ်ပြပါ ဆောင်ပုဒ်ကို သတိပြု၍ ဆရာကို အာမခံမိအောင် သတိပြုရာ၏။

---

၁။ ပုဒ္ဓတ္တာဝဠါဒဆုံးမစာ။ ၁၄–ပိုဒ်။

(ဆောင်) ဆရာမိဘ ကျွန်သွန်သင် ကျေးဇူးတင်သား
သူတို့များကို ပြစ်မှားရှာ၍ သေပါလေဘူး
ပုံဟထူးကား မြစ်နားတလျှောက်
ကထွက်ပေါက်၌ မြောက်၍ခံစား
ဥဗျိုင်းအားကို ယောကျ်ားတယောက်
မြင်လေမြောက်လျှင် တုမြင်တတ်ရ
ဖြစ်ပေစွဟု စ၍လည်းသင် မိုးကောင်းကင်သို့
မြောက်တင်လိုက်သား သစ်ချွန်ပျားကို
မြေအားမကျ ခံတွင်းဟ၍ လျှာမျှမထိ
ကိုက်နိုင်ဘိမှ အုဘ်ခဲခဲသည် လှံမလှံသေး
ထက်စွာသွေးသား သန်လျက်သွားကို
ကိုက်စားတို့နိုင် ပြိုင်သူမရှိ တတ်ခေါင်ထိလျှင်
ရှာသို့ဝင်၍ ရွာပြင်လာဘ်သပ် အထပ်ထပ်နှင့်
အရပ်ရပ်သိ တတ်မြောက်ဘိ၍ မင်းကြီးရင်ပြင်
ပွဲသဘင်သို့ ဝင်၍ပြလျှင် မင်းကြီးမြင်သော်
ရွှင်ရွှင်ပျပျ အားပါရ၍ ဆုချကြေးငွေ
အထွေထွေနှင့် နေ့ရှေရက်ကြာ ရှိပြီးစွာလျှင်
လုလင်ဘယ်မှာ ဘယ်ဆရာတွင် သင်ပါသနည်း
ဖြည်းဖြည်းသံမျှ မေးလေကလျှင် ကျွန်ုပ်တွင်၌
သွန်သင်ဆရာ မရှိပါဟု ရှိကြလက်စုံ
လျှောက်ပြီးတုံမှ ကမြကသော် လှံမခံတွင်း
အာကိုချင်း၍ စင်းစင်းသေလေကုန်၏တည်း။ ၁

---

၁။ ပုဏ္ဏောဝါဒဆုံးမစာ၊ ၄၄ ပိုဒ်။

## ပညာထိုးထွင်း တတ်လိုလျှင် မပျင်းမရိနှင့်

"ပျင်းနေသူသည် အတတ်ပညာမတတ်နိုင်"ဟူ၍ နီတိကျမ်းများ၌ ဆိုသည်။ အလွန်မှန်သည်၊ ပညာသင်ကြားနေသူသည် ပျင်းစိတ်ပေါ်လာလျှင် မိမိကိုယ်ကို "ငါသည်ပျင်းရိနေလျှင် ဖျင်းလိမ့်မည်၊ လူညံ့ကြီး ဖြစ်လိမ့်မည်၊လူညံ့ လူဖျင်းဖြစ်လျှင် အမျိုးဘာသာ သာသနာအတွက် တိုင်းပြည်အတွက် တထောင့်တဝန်းက ထိထိရောက်ရောက် ဖြည့်တင်းပေးနိုင်သူ မဖြစ်နိုင်တော့ချေ၊ ငါပျင်းလို့ မတော်ပါကလား" စသည်ဖြင့် ဆုံးမ၍ အချိန်ရှိသမျှ ကြိုးစားရာ၏။ "ပညာထိုးထွင်း တတ်လိုလျှင်း မပျင်းမရိရာ"ဟူသော ဆောင်ပုဒ်ကိုလည်း အမှတ်တမဲ့ မပြုရာ။

## ပညာတတ်လျှင် ကြံအောင်မြင် တွင်တွင်ဥစ္စာရ

အိုတပည့်လိမ္မာ စာတော်ဖတ်.... အမှတ်တမဲ့ ပညာမကြိုးစားပဲမနေပါနှင့်၊ ပညာမကြိုးစားခဲ့၍ မကြံတတ်မစည်တတ်၊ ပညာရေး၊စီးပွားရေး နောက်ကောက်ကျနေသူတွေကို ကြည့်ပြီး သံဝေဂယူ၊ သန်မ်းစာထားပြီး ပညာတတ်အောင် ကြိုး

---

၁။ အလသဿ ကုတော သိပ္ပံ။ လောကနီတိ၊ ကဝိဒပ္ပဏနီတိ။

စားပါ။ ယခုခေတ် လိုအပ်သည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ နိုင်ငံရေးသိပ္ပံ၊ သင်္ချာဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ ဇီဝဗေဒ၊ နက္ခတ္တဗေဒ စသည်တို့ကို တတ်အောင်ကြိုးစားပါ၊ ပညာတတ်လျှင် ကြံတိုင်းအောင် ဆောင်တိုင်းမြောက်၍ ဥစ္စာဓနတွေလည်း ပေါများတိုးတက်ပါလိမ့်မည်။ သို့ဖြစ်၍ "ပညာတတ်လျှင် ကြံအောင်မြင် တွင်တင်ဥစ္စာရ"ဟူသော ဆောင်ပုဒ်ကလေးကိုလည်း ဥပေက္ခာ မပြုပါလေနှင့်။

## ပညာရဲရင့် ပွဲလယ်တင့် ကြီးမြင့်အသရေကြွ

အို စာရှုသူ— ကမ္ဘာလောကကြီးမှာ ပညာရှိ ကဝိကဝိန် သုခမိန်တွေ ပဏ္ဍိတ်ကြီးတွေ ပညာရှိ ပွဲလယ်အလွန်လျှင် တင့်တယ်နေကြသည်။ ပညာရှိဇာတ်ခုံတွင် အလွန်လျှင် ကျက်သရေရှိကြသည်။ လျှမ်းလျှမ်းတောက် ကျက်သရေ တိုးနေကြသည်။ သို့ဖြစ်၍ သင်သည်လည်း ပညာရှိပွဲလယ်ဘွင် တင့်တယ်အောင် ကြိုးပမ်းပါ။ ဝီရိယကို ချပစ်သိုက်ပါနှင့်။ အတတ်ပညာဖြင့် တင့်တယ်ဖွံ့ဖြိုး ကျက်သရေတိုးအောင် ကြိုးစားပါလော့။ "ပညာရဲရင့် ပွဲလယ်တင့် ကြီးမြင့်အသရေကြွ"ဟူသော ဆောင်ပုဒ် နီတိကို ပတ္တမြားအိုးမှာ ထည့်ထားသည့် ခြင်္သေ့ဆီလို စိတ်တည်းဟူသော သေတ္တာတွင် သွင်းထားပါလော့။

## ပညာကိုရှာ ကိုယ်ခန္ဓာ မညှာမငဲ့နှင့်။

သက္ကတ နီတိကျမ်းများ၌ ''ဇိမ်ခံလိုသူ ပညာစွန့်၊ ပညာလိုသူ ဇိမ်ကိုစွန့်''၁ ဟု ဆိုသည်။ အလွန် မွန်လှသည်၊ အေးအေးဆေးဆေး ချမ်းချမ်း သာသာ သက်သက် သာသာ နေလိုသူသည် ပညာ မတတ်နိုင်။ အတတ်ပညာ သင်ကြား လေ့လာသူသည် နေ့မအား ညမအား သင်ယူ လေ့လာ ကြည့်ရှုရသည်။ စောင်းတီးပါရဂူ လုပ်လိုသူသည် စောင်းကို မပြတ်တီးရသည်။ လေးပါရဂူသည် လေးပစ်အတတ်ကို မပြတ်လေ့ကျင့်နေရသည်။ ကြားဘူးပါသည်။ ဆိုင်းတီးပါရဂူ စိန်ဗေဒါကြီးသည် ငှားသူမရှိချိန် ခေါ်သူမရှိချိန် အိမ်မှာ ထာဝစဉ် ဆိုင်းတိုက်နေသည်။ တီးလုံး ညှိနေသည် ဟူ၏။ ကျမ်းပြုပုဂ္ဂိုလ် အကျော်အမော်သည် စာမပြတ် ကြည့်ရှုရသည်။ ရေးရသည်။ မှတ်ရသည်။ သဒ္ဒါ ဗျာကရုဏ်း တတ်ရသည်။ သမိုင်းရာဇဝင် နိုင်ရသည်။ ဗုဒ္ဓစာပေ ကျမ်းဂန်များကို နှံ့စပ်ရသည်။ အခြားဘာသာရေး ကျမ်းစာများကိုလည်း ကြည့်ရှု လေ့လာရသည်။ သက္ကတ၊ အင်္ဂလိပ်၊ ပါဠိ၊ ပကတိ၊ သိဟိုဠ်၊ ဟိန္ဒီ စသည့် ဘာသာရပ်များကိုလည်း ချဉ်းနင်းနိုင်ရသည်။

ခန္ဓာကိုယ် ညှာနေလျှင် ပါရဂူပေါက် ထိပ်တန်းပညာရှင်အဖြစ် မရောက်နိုင်ပေ။ ထို့ကြောင့် ''ပညာကိုရှာ ကိုယ်ခန္ဓာ

---

၁။ သုခါ ထိ တျဇေ ဝိဒျံ၊ ဝိဒျာ ထိ တျဇေ သုခံ။
(သက္ကတနီတိ)

မညာမငဲ့နှင့်'' ဟူသော ဆောင်ပုဒ်ကို အရာဆောင်၍လည်း ခန္ဓာကိုယ် မညာပဲ ကြိုးစားရာ၏။

## ဆရာ မထိမဲ့မြင်ပြုက နောင်တကြီးစွာ ပူပန်ရတတ်

ဘုရားရှင်သည် သာဝတ္ထိနန်းမြို့တော် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ် တရားရုံးတော်သို့လည်း တက်၍ အဆုံးအဖြတ်မပေး၊ ဘုရားရှင်ထံသို့လည်း ဖူးမြော်ရန် မလာမရောက်ပဲ ကာမဖြင့် မူးယစ်သော ပသေနဒီကောသလမင်းကြီးအား ဦးစွာမဆွ ပြုလုပ်ရမည့် ကိစ္စ ၁၀-ပါးကို မပြုလုပ်ခြင်းကြောင့် ပူပန်ရတတ်ကြောင်းကို ဒွါဒသက နိပါတ် ဇနသန္ဓဇာတ်တော်ကို ထုတ်ဖော်ဟောကြားတော်မူသည်။

ယင်းကိစ္စ ၁၀-ပါတွင်—

အာစရိယ မနုသတ္ထာရံ၊ သဗ္ဗ ကာမ ရသာ ဟာရံ။
ပိတရံ အတိမညိဿံ၊ ဣတိ ပစ္ဆာ နုပ္ပတိ။[၁]

ဟူသော ဂါထာဖြင့် ဘခင်ကို ''အာစရိယ'' ဟူ၍ အသုံးပြုကာ ဟောကြားတော်မူသည်။

ဂါထာနက်။ အာစရိယံ = အကျင့်မှန်ရှုး သင်ပေးတတ်သော ဆရာသမားဖြစ်သော။ အနုသတ္ထာရံ = ဖန်ခါမပြတ်

---

၁။ ဇာ ၁။ ၂၄၈။ (ဇနသန္ဓဇာတ်)

ဆုံးတတ်သော။ သဗ္ဗ ကာမ ရသာ ဟရံ = အလုံးစုံသော ဝတ္ထု ကာမ အရသာကို ဆောင်ယူကျွေးမွေးတတ်သော။ ပိတရံ = ဖခင်ကို။ အတိမညိဿံ= ဆုံးမသြဝါ မနာယူပဲ အလွဲအမှား ကျော်လွှား၍ ပြုမိ၏၊ ဂူထိ = ဤသို့။ ပစ္စာနုပ္ပတိ = နောင်သောအခါ နောင်တကြီးစွာ ပူပန်ရရှာ၏။

သို့ဖြစ်၍ အသင်စာရှုသူသည် အာစရိယအရာ၌လည်းတည်သော မိဘတို့၏ အဆုံးအမကိုလည်း လွန်၍ မပြုမကျင့်ရာ။ ယင်းသို့ မပြုမကျင့်လျှင် သားသမီးလိမ္မာ တပည့်လိမ္မာစင်စစ် ဖြစ်လေတော့၏။

(ဆောင်) မိဘစကား သင်ကျော်လွှား ကျင့်ကြွားမပြုရာ။
မိဘစကား ယူလေးစား သင်ကားပြုကျင့်ပါ။
ဆရာ့စကား ယူလေးစား သင်ကားပြုကျင့်ပါ။
ဆရာမိဘ မိန့်ဟစကား
နားထောင်ကြား သားတပည့်လိမ္မာ။

ဆရာ့စကား နားမထောင်သဖြင့် ဈာန်ရ ကိုယ်ရင်
မျက်စိတဖက်ပျက် ရက်ကန်းသည်မနှင့် ကြွားရ

အိုစာရှုသူ.... သင်သည် အမြော်အမြင်ရှိသော ဆရာသခင်၏ စကားကို ကျော်လွှားသမှု မပြုလေလင့်၊ နားထောင်ပါ၊ အမြော်အမြင်ရှိ ဆရာသမား၏ စကားကို နားထောင်

လျှင် အကျိုးရှိမည်ဖြစ်၏။ နားမထောင်လျှင်ကား အကျိုးယုတ်မည်။ သို့ဖြစ်၍ အမြော်အမြင်ရှိ ဆရာသမား၏ စကားကို လေးစားကြည်ဖြူ နာယူရာ၏၊

သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ သာသနာသက္ကရာဇ် ၄၀၀-ရာကျော်လောက်က ဆရာ ရဟန္တာ မထေရ်တပါးနှင့် စျာန်အဘိညာဉ်ရ သာမဏေတပါး ရှိသည်။ တနေ့တွင် မဟာစေတီနှင့် မဟာဗောဓိပင်ကို ဖူးမြှော်ရန်ဟူသော စိတ်ထားဖြင့် မဟာဝိဟာရကျောင်းတိုက်ကြီးသို့ လာရောက်ဘည်းခိုကြသည်။ မထေရ်မြတ်သည် လူရှင်းသည့် အချိန်တွင် မဟာစေတီတော်သို့ တပါးတည်းကြွသွားတော်မူသည်။ သာမဏေသည် ငါ၏ ဥပဇ္ဈာယ်ဆရာ ဘာကြောင့် အချိန်မတော် တပါးတည်းကြွပါသနည်းဟု သိလိုသဖြင့် မထေရ်မြတ်နောက်သို့ တပါးတည်းလိုက်လာခဲ့သည်။

မထေရ်သည် သာမဏေ လိုက်လာမှန်းမသိပဲ မဟာစေတီတောင်ဖက်မုခ်မှ မဟာစေတီယင်ပြင်တော်သို့ တက်ရောက်တော်မူခဲ့လေသည်။ တပည့်သာမဏေသည်လည်း ထိုတောင်ဖက်မုခ်မှပင် တက်ရောက်ခဲ့လေသည်။ မထေရ်မြတ်သည် ဘုရားဂုဏ်၌ စွဲထုံသောပီတိဖြင့် စေတီတော်အများဆုံး ဌာပနာရာ မဟာစေတီတော်ကို မြတ်လေးတော်ချော် ဖူးမြှော်ကြည်ညိုစဉ် သာမဏေ၏ ချောင်းဆိုးသံကို ကြားသဖြင့် သာမဏေ လိုက်လာမှန်း သိတော်မူလေသည်၊

သာမဏေက "အရှင်ဘုရား ပန်းရလျှင် ပူဇော်လိုပါအံ့သား"ဟု လျှောက်ထားလေရာ ပူဇော်သိုကြောင်း သိရသော

အခါ ရှုတ်တရက်ချက်တဖြုတ် ဈာန်ဝင်စား၍ တန်ခိုးဖြင့် ဟိမဝန္တာတောသို့ သွားပြီး အဆင်းလည်းကောင်း အနံ့လည်းသင်းသည့် တောပန်းများကို ဆွတ်ခူးကာ ရေစစ်၌ ထည့်လျက် သုဝဏ္ဏမာလီ မဟာစေတီသို့ မထေရ်မြတ်မရောက်မီ ပြန်လည်ရောက်ရှိပြီးလျှင် မထေရ်မြတ်၏လက်၌ ထည့်၍ပူဇော်စေလေသည်။

စေတီတော်မြတ်ကြီး၏ ပဌမပစ္စယံ ဒုတိယပစ္စယံနှင့်အောက်ဆုံးယင်ပြင် ဘိနပ်တော်ပါ ပန်းများဖြင့် ပြည့်နှက်နေလေသည်။ မထေရ်မြတ်က "အိုသာမဏေပန်းတွေမကုန်သေး"ဟု မိန့်တော်မူရာ "အရှင်ဘုရား ... ရေစစ်ကိုမှောက်ပစ်လိုက်ပါဘုရား"ဟု တပည့်သာမဏေက လျှောက်ထားလေရာ တပည့်သာမဏေလျှောက်ထားသည့်အတိုင်း မှောက်လိုက်မှ ပန်းတွေကုန်တော့သည်။

မထေရ်မြတ်သည် ဆင်ခြင်တော်မူလေရာ င၊တပည့်သာမဏေ၏ တန်ခိုးသည် မတည်မြဲနိုင်ဟု သိတော်မူသဖြင့် "အိုသာမဏေသင်သည် နောင်အခါ ရက်ကန်းသမ သူကန်းမနှယ် ပေးသည့် ပအိုးရည် ထမင်းရည်ကို သောက်ရလိမ့်မည်"ဟု မိန့်ကြားတော်မူလေသည်။ ထို့နောက် နေရာတိုင်းအဘိညာဉ်ဖြင့် ကောင်းကင်က ခရီးသွားနေသဖြင့် "သာမဏေ အဘိညာဉ်နှင့် ကစား ကောင်းကင်က ခရီးမသွားလေနှင့်၊ ခိုင်မြဲအောင် စိတ်ချမှုအောင် ဆက်လက်တရားအလုပ် ကြိုးပမ်းပါ"ဟု ဥပဇ္ဈာယ် ဆရာ ရဟန္တာမထေရ်က ဆုံးမသော်လည်း မနာယူချေ။

တနေ့တွင်၊ ဈာန်အဘိညာဉ်ဖြင့် ကောင်းကင်က ခရီးသွားစဉ် ပျောင်းပျော့ချောင်ရက်ကန်းသမ၏ သိချင်းသံကို နားပသာဒ ကြားကာမျှဖြင့် ဈာန်လျောကျ၍ ထိုရက်ကန်းသမနှင့်ပင် အိမ်ထောင်ကျလေသည်။ ထို့နောက် နေမြင့်မှ ထမင်းပို့လာသော ရက်ကန်းသမလေးအား စိတ်အနှောင့်မသင့်ဖြစ်ကာ ရက်ဖေါက်တံ (လွန်းသွား)ဖြင့် ပေါက်လိုက်ရာ ရက်ကန်းသမကလေး မျက်လုံးတဖက် ထိမှန်သဖြင့် မျက်စိတဖက်ကွယ်ပျက်ခဲ့လေသည်။[၁]

## တပည့်လိမ္မာဖြစ်အောင်ကြိုးစား

ဤဝတ္ထု၌ ဆရာရဟန်းသည် အလွန်လျှင် အမြော်အမြင်ကြီးမားတော်မူသည်။ စေ့စေ့ရှောက်ထိန်းသိမ်းသည်၊ သို့သော် တပည့်သာမဏေသည် ချုပ်တည်း၍ မရနိုင်အောင်ပင် ဈာန်ဖြင့်ကစားလွန်းသည်။ သူ့အဖို့ပါလာသဖြင့် ဤကဲ့သို့ ရက်ကန်းသမနှင့် ငြား၍ ပျက်စီးခြင်းဖြစ်လေသည်။ အသင်စာရှုသူသည် ဆရာစကားကို နားထောင်၍ တပည့်လိမ္မာဖြစ်အောင် ကြိုးစားရာ၏။

(ဆောင်) ဆရာ့နှုတ်နက် မိန့်ဆိုချက်ကို နှစ်သက်နားတွင်
မပန်ဆင်၍ နှောင်လျှင်တဖန် မိုးရိမ်ဟန်ကား
ဈာန်ကသိုဏ်းပင် လွှားလွှားတင်သည့်

---

၁၊ အကျယ် မ၊ ဌ၊ ၃။ ၁၆၉-၁၇၂။
အဘိ၊ ဋ၊ ၂။ ၂၇၀-၂၀၂။

ကောင်းကင်တိမ်ယံ နှင်းခိုးခိုးနှင့် ရှင်ပျံသူငယ်
နုနုနယ်အား မိုးကြယ်ခရီး သွားစေသီးသော်
ယောင်တီးယောင်တ မယ်ကန်းမ၏ ကြင်စမပြေ
ချစ်ကြိုးခွေဆည် သက်ဝေကျွမ်းကျင်
ငယ်လင်တူကွ ဖြစ်တတ်စွဟု ဆရာ့စကား
သကာပျားသို့ ညာဏ်သွားမတည်း အပျံသည်းက
ညစ်မည်းအာရုံ တွေ့ကြိုက်ကြုံ၍ စျာန်ဟုန်ကျေမှု
ဗုန်းဗုန်းကျလျက် ကန်းမလင်းရင်း
ဖြစ်တုန်လျှင်းမှု ပူပြင်းမချိ
နောင်တရှိရှင့် ယူဘိထောက်မြွော်
သားရွှေလော်လည်း ဂုဏ်ကျော်ဆရာ
ဆိုတိုင်းနာ၍ သက်ာညစ်ကြေး ရှုတ်ယှက်ထွေးကို
လျော်ဆေးကုန်စင် ချွတ်စေမင်း။

မန်လည်ဆရာတော်ဘုရားသည်လည်း ဖေါ်ပြပါ ကန်းမ
ကြင်ဖက် သာမဒေဏလူထွက်၏ ဖြစ်ရပ်ကို-

“ဆရာ့ဆုံးမ မရလျှပ်ပေါ် ဘိညာဉ်ပျော်လျက်
မော်မိမော်မန်း မြူးပျံသန်း၍ ရက်ကန်းသည်မ
သံဂီတကြောင့် လျှော့ကျစျာန်ကွယ်
ရှင်သူငယ်နှင့်”[၂] ဟူ၍စပ်ဆိုတော်မူခဲ့သည်။

---

၁။ မာတောဝါဒဆုံးမစာ။ ၁၃ ပိုဒ်။
၂။ မဃဒေဝ။ ၄၄ပိုဒ်။

## ဆရာကောင်းထံ နည်းနာခံ၍ ပြန်ရောက်လျှင် ရှင်ဘုရင်ဖြစ်

လွန်ခဲ့သော ရှေးအတိတ်ကာလက ဝိဒေဟနိုင်ငံတော် မိထိလာမြို့၌ အရှင်အာနန္ဒာအလောင်းသည် ဝိဒေဟမင်းဖြစ်၍ နိုင်ငံကို ကွပ်ကဲအုပ်ချုပ် မင်းပြုလုပ်သည်။

ငါတို့ဘုရားအလောင်းသည် ဝိဒေဟရာဇ်မင်းကြီး မိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်၌ စွဲပိုက်သန္ဓေ တည်နေတော်မူခဲ့လေသည်။ အရွယ်ရောက်လေလျှင် တက္ကသိုလ်ပြည်သွားရောက် ပညာသင်ကြားရာ အပြန်တွင် ဘခင်ကွယ်လွန်ပြီးနောက် ဝိဒေဟနိုင်ငံတော်၏ ထိပ်တန်းရှင်ဘုရင် ဖြစ်လာလေသည်။

ဤဝတ္ထုကျဉ်းကို ထောက်ပါ။ ပညာတတ်လျှင် ဘုရင်ဖြစ်နိုင်သည်။ ယင်းသို့ ဘုရင်ဖြစ်လည်း ထိပ်တန်းရှင်ဘုရင်ဖြစ်သည်၊ ပညာတတ်လျှင် စာပေရေးရာနှင့် ပတ်သက်၍လည်း ထိပ်ကချည်းနေရသည်၊ သို့ဖြစ်၍ ပညာတတ်အောင် ကြိုးစားရာ၏၊ တပည့်ဖြစ်ချိန်တွင် တပည့်လိမ္မာဖြစ်အောင် ကြိုးစားရာ၏။[၁]

(ဆောင်) အရွယ်ငယ်စဉ် သင်သင့်သင်ရာ တတ်ပညာကို
မှန်စွာမှုချ ကြိုးလုံ့လလော့ ငယ်ကပညာ
မသင်ပါက ကြီးကာမသွေ့ ခက်မည်ပေ
မကွေ့နိစ္စ မှတ်ကုန်ကြ။

---

၁။ ဇာ၊ ၄၊ ၂။ ၃၄။ ဝိနီလဇာတ်ကြည့်။

## မှီခိုအားထားရာ ဆရာသမားကောင်း

လောကတွင် တရားကာယဒ်ကိုသော်လည်းကောင်း၊ ကောင်းသော အသက်မွေးဝမ်းကျောင်း ပညာကိုလည်းကောင်း ဟောညွှန် သင်ပြပေးသူနှင့် ယုံမှားသံသယ ဖြစ်နေသည်ကို ပယ်ဖျောက်ပေးသော ပုဂ္ဂိုလ်ကို ကိုးကျွန်းပမာ မှီခိုအားထားရာ ဆရာသမား၊ အားကိုးရာ သည်းလျောင်းရာ ဆရာကောင်း သမားကောင်းဟူ၍ မှတ်ရာ၏။ ထိုကဲ့သို့သော ဆရာသမား ပုဂ္ဂိုလ်နှင့် မေတ္တာမပြယ်အောင်မပျက်အောင် ကျင့်ဆောင်ရာ၏။ အခွင့်သင့်သော အခါတိုင်း ထိုဆရာသမားကို ပူဇော်ဖွယ်များဖြင့် ပူဇော်ကန်တော့ရာ၏။ ထို့ကြောင့် "မဟာသံဃနာထ၊ မဟာရာမ" ဘွဲ့တံဆိပ်တော်ရ ပေရာဘိ သံဃနာယက ဆရာတော်သည်—

> တသ္မာ ဟိ ဓမ္မံ ပုရိသော ဝိဇညာ၊
> ယေ စဿ ကင်္ခံ ဝိနယန္တိ သန္တော။
> တဥ္ဟိဿ ဒီပဥ္စ ပရာယဏဥ္စ၊
> န တေန မိတ္တံ ဇိရယေထ ပညော။

ဟု မိန့်ဆိုတော်မူသည်။

ဂါထာနက်။ ။ပညော = ပညာအသိရှိသော။ ယော ပုရိသော=အကြင်အမျိုးသား လူလိမ္မာသည်။ ယသ္မာ=အကြင် သူထံမှ။ ဓမ္မံ =တရားဓမ္မ နည်းနာနယကို။ ဝိဇညာ = သိ၏။

ယေ စ သန္တော = အကြင် သူတော်ကောင်းတို့ သည်ကား။ အသ= ထိုသူ၏။ ကခံ = ယုံမှားမှုကို။ ဝိနယန္တိ=ပယ်ဖျောက်ကုန်၏။ တဒ္ဓိ တေဟိ= ထိုသူသည်သာလျှင်၊ အသ=ထိုသူ၏။ ဒီပဥ္စ ဒီပါစ= ကိုင်းကျွန်းပမာ မှီခိုရာ ဆရာသမားတို့လည်း ဖြစ်ကုန်၏။ ပရာယဏဥ္စ=ပရာယဏာစ= အားကိုးရာလည်းလျောင်းရာ ဆရာသမားတို့လည်း ဖြစ်ကုန်၏။ တေန=ခတေဟိ= ထိုဆရာသမားတို့နှင့်။ မိတ္တိံ= မေတ္တာ သက် ဝင် ချစ် ခင် မှု ကို။ န ဇီရယေထ= မပျက်စီးစေရာ။

(ဆောင်) အိုသူတော်စင် ဉာဏ်နှင့်ယှဉ်လော့ အစဉ်မကွာ
ကျင့်စရာမှန် မှန်မြတ်စွာလှ ဓမ္မလမ်းစဉ်
သွန်သင်စေငြား တပါးမှတ်တုံ ယုံမှားဖွယ်ကို
ပယ်ဖျောက်ပေတတ် ဆရာမြတ်ကို မပြတ်ထာဝစဉ်
ဆည်းကပ်ဝင်၍ ချစ်ခင်မေတ္တာ မကင်းကွာအောင်
ကျင့်ဆောင်ကြိုးကုတ် အားထုတ်ပါလေ
မုချမသွေကြီးပွားကြောင်း။

## ပဌမအရွယ် ပညာကြွယ်အောင်သင်

အတတ်ပညာသည်ထာဝစဉ်ပေါင်းသင်းရသည့်မိတ်ကောင်းဆွေမွန်ဖြစ်သည်။ ပဌမအရွယ်ဖြစ်သည့် အသက် ၂၅-နှစ်အတွင်းတွင် တတ်သင့်တတ်ထိုက်သော ပညာရပ်များကို စုံသင်တတ်မြောက်အောင် သင်ယူရမည်။ ယင်းသို့ ပဌမအရွယ်တွင်

၁။ "အာဒိတော တေတ္တိံသ ဝဿာနိ ပဌမ ဝယောနာမ" ဟု ကျမ်းဂန်များ၌ ၃၃ နှစ် ပဌမအရွယ်ဟု ဆိုကြသည်။

ပညာသင်၍ ဒုတိယအရွယ်မှာ ဥစ္စာမနေ စုဆောင်းမိအောင် ရှာရမည်။ တတိယအရွယ်တွင် တရားစာပေ လိုက်စားရမည်။ တရားအားထုတ်ရမည်။ သို့ဖြစ်၍ နီတိကျမ်းဂန်များ၌—

ပဌမေ န ပရာဇယေ သိပ္ပံ၊
ဒုတိယေ န ပရာဇယေ ဓနံ။
တတိယေ န ပရာဇယေ ဓမ္မံ၊
သမ္ဗဒေဝ ဇဝံ စရေ။

ပဌမေ= ပဌမအရွယ်၌။ သိပ္ပံ=အတတ်ပညာကို။ န ပရာဇယေ= မဆုံးရှုံးစေရာ။ ဒုတိယေ= ဒုတိယအရွယ်၌။ ဓနံ= ဥစ္စာကို။ န ပရာဇယေ= မဆုံးရှုံးစေရာ။ တတိယေ= တတိယအရွယ်၌။ ဓမ္မံ= တရားဓမ္မကို။ န ပရာဇယေ= မဆုံးရှုံးစေရာ။ ပဏ္ဍိတော=ပညာရှိသည်။ သမ္ဗဒေဝ= ကောင်းစွာသာလျှင်။ ဇဝံ= ဉာဏ်သို့။ သမ္မာစရေ= ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏ ဟူ၍ လာရှိလေသည်။[၁]

စတုဓမ္မသာရ ကိုးခန်းပျို့၌လည်း ရှင်မဟာရဋ္ဌသာရ ပုဂ္ဂိုလ်ကျော်သည်—

“ပဌမရွယ် ငယ်သော်ကတည်း သိပ္ပခေါင်အား
တတ်မြောက်မြားမူ တောသားရန်အောင်
ခြင်္သေ့ယောင်သို့ မရှောင်မညာ တင်းတင်းမာ၍
ပညာရဲရင့် ပွဲလယ်တင့်လိမ့်” ဟု စပ်ဆိုဖော်ကျူး
တော်မူခဲ့လေသည်။

---

၁။ ကဝိဒပ္ပဏနီတိကြည့်။

ရှင်းပြင် "ပ-မှာ သိပ္ပ၊ ဒု-စနေ
တ-သော် တရားရှာရမည်။" ဟုလည်းမိန့်ဆိုကြသည်။

သို့ဖြစ်၍ တပည့်လိမ္မာသည်လည်း အတွေ့အကြုံရှိ ပညာရှိကြီးတို့ တိုက်တွန်းမှာကြားတော်မူသည့်အတိုင်း ပညာခရီး ပွဲလယ်ဘင့်အောင် အတတ်ပညာတတ်အောင် သင်ယူရာသတည်း။

(ဆောင်) ပဌမရွယ် သက်ငယ်ငယ် နုနယ်ပျိုစဉ်က။
အတတ်ပညာ အဝဝ ကြိုးပါကိုလူလှ။

## အတတ်ပညာမသင်စေက မိဘသည် ရန်သူမည်

မိဘများသည် သားသမီးများကို ချစ်တယ်ဆိုလျှင် ကြိုတင်၍ သားသမီးများကို ပညာသင်စေရာ၏။ ကျောင်းထားပေးရာ၏။ မိဘတို့ကိုယ်တိုင်ကလည်း "သားတို့ သမီးတို့.... သူ့အသက် မသတ်ရဘူး၊ သူ့ဥစ္စာ မခိုးရဘူး၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ မကျင့်ရဘူး၊ လိမ်မပြောရဘူး၊ သေရည်သေရက် မသောက်ရဘူး စသည်ဖြင့်လည်းကောင်း၊ လူကြီးမိဘကို ရိုသေပါ၊ အချင်းချင်း ကြမ်းကြမ်းတမ်းတမ်း မပြောရဘူး၊ အ အရာရာ ကိုယ်ချင်းစာပါ စသည်ဖြင့် သွန်သင်ညွှန်ကြားရာ၏။ ယင်းသို့ ကိုယ်တိုင်လည်း မညွှန်ကြား၊ ကျောင်းထားပြီး ပညာ မသင်စေဘူးဆိုလျှင် မိဘဟာ သားသမီး၏ ရန်သူဖြစ်သည်။ ယင်းသို့ ငယ်ငယ်ကပညာ မသင်ခဲ့ရသော သားသမီးတို့

ကြီးလာလျှင် ရွှေဟင်္သာမင်းများအလယ် ဗျိုင်းများသဖွယ် ပွဲလယ်သဘင် မတင့်တယ်နိုင်ပါချေ။

ယင်းသို့ဖြစ်ကြောင်း နီတိဆရာများက—

မာတာ သတ္တု ပိတာ ဝေရီ၊
ယေန ဗာလော န သိက္ခိတော။
သဘာ မဇ္ဈေ န သောဘတိ၊
ဟံသ မဇ္ဈေ ဗကော ယထာ။[၁]

ဂါထာနက်။ ။ယာယ= အကြင်မိခင်သည်။ ဗာလော= သားငယ်သမီးငယ်ကို။နသိက္ခိတော=အတတ်ပညာသင်၍မပေး။ သာ မာတာ = သားသမီးငယ်တို့ကို ပညာသင်မပေးသော ထိုမိခင်သည်။ သတ္တု= ရန်သူမည်၏။ယေန= အကြင်ဘခင်သည်။ ဗာလော=သားငယ်သမီးငယ်ကို။ နသိက္ခိတော=အတတ်ပညာသင်၍မပေး။ သော ပိတာ= သားငယ်သမီးငယ်တို့ကို အတတ်ပညာ သင်မပေးသော ထိုဘခင်သည်။ ဝေရီ= ရန်သူမည်၏။ သော= ထိုပညာမရှိသူသည်။ ဟံသ မဇ္ဈေ= ရွှေဟင်္သာငှက်တို့၏ အလယ်၌။ ဗကောယထာ=ဗျိုင်းငှက်ကဲ့သို့။ သဘာမဇ္ဈေ= သဘင်ပွဲလယ်၌။ န သောဘတိ= မချပ်ံသော မဘင့်တယ်ပါချေ။ သို့ဖြစ်၍ မိဘတို့သည် သားငယ်သမီးငယ်များကို ကျောင်းမသွား သွားအောင် စီစဉ်ပေးပါ။ တိုက်တွန်းပေးပါ။ သား

---

၁။ ဥလောကနီတိ၊ ကဝိဒပ္ပဏနီတိ—စသည်။

ယောင်္ယသားမိယောက်ျားများကလည်း တပည့်လိမ္မာဖြစ်အောင် ကြိုးစားရာ၏။ တဖန် တပည့်လိမ္မာအဖြစ်မှ ဆရာအဆင့် ရောက်အောင် ကြိုးစားရာ၏။

(ဆောင်) မိဘနှစ်ပါး ပုဂ္ဂိုလ်များကား သားနှင့်သမီး
ချစ်မငြီးကို နည်းလမ်းညွှန်ပြ သင်ဆုံးမလော့
ထိုမှတကြောင်း ကျောင်းမှာနေစေ ထွေထွေဝဝ
များသိပ္ပကို လုံ့လပုဗ္ဗင် သင်စေပါကြ
သိဿလိမ္မာ[၁] အဖြစ်မှာလျှင် တပြာတိုးတင့်
ဆရာဆင့်သို့ မလင့်ပုံသေ ကြိုးစေလိုသည်[၂]
အရေး(အရည်)ကောင်းဖို့မှာတမ်းတည်း။

အနန္တငါးပါး ဘုရားရှိခိုး

အိုအမျိုးသား အမျိုးသမီး တပည့်လိမ္မာ... သင်သည် ညစဉ် အိပ်ရာဝင်တိုင်း ဘုရား၊ တရား၊ သံဃာ၊ မိဘ ၂-ပါး ဆရာသမားတို့ကို ရှိခိုး၍ အိပ်ပါ။ စည်းစိမ်ဥစ္စာ ကျက်သရေ တန်ခိုး တိုးတက်ပါလိမ့်မည်၊ ကွယ်လွန်ပြီးနောက်ဘဝင်လည်း လူပြည်၊ နတ်ပြည် ရောက်နိုင်ပါသည်၊ နောက်ဆုံး နိဗ္ဗာန်တိုင် ထိ အကျိုးရပါမည်။

---

။၁ တပည့်လိမ္မာအဖြစ်။ (သိဿ=တပည့်)
၂။ ကြိုးစားစေလိုသည်။

ဘုရားရှင်။ ။ဗုဒ္ဓဂုဏော အနန္တောဟု ကျော်စောထင်ရှား ၁၀-ပါးရပ်သူ နတ်လူဗြဟ္မာ သတ္တဝါကို ခေမာသာခေါင် နိဗ္ဗာန်သောင်သို့ ရွှေဖေါင်မဂ္ဂင် သဘော်ယာဉ်ဖြင့် ကယ်တင်ဆောင်ယူ ပို့တော်မူသည် နတ်လူထိပ်ပန်း ရဟန်းတို့ဆရာ အံ့စိန္တေယျဟု အနန္တဂုဏ်အင် ကျေးဇူးရှင်ကို ကြည်လင်သဒ္ဓါ စေတနာဖြင့် လွန်စွာရိုကျိုး လက်စုံမိုး၍ ရှိခိုးဦးချပါ၏ဘုရား။

တရားတော်။ ။ဓမ္မဂုဏော အနန္တောဟု တည်သောကမ္ဘာ သတ္တဝါလူနတ် အထပ်ထပ်ကို လေးမြတ်ကြင်နာ အဝိဇ္ဇာနှင့် တဏှာသံယော ကိလေသာမှ ဆေးကြောသုတ်သင် မှုမတင် အောင် ရှောင်ကြဉ်ပေးတတ် တရားမြတ်ကို မြတ်ဒလေးကော် ရော် ပူဇော်ရှိခိုးပါ၏ဘုရား။

သံဃာတော်။ ။သံဃဂုဏော အနန္တောဟု လောဘဒေါသ မောဟကင်းကွာ တဏှာကာမ ကိလေသနှင့် ရာဂအမိုက် နှစ်ခြိုက်မပျော် မာနမွှလျော်ပဲ ရှင်တော်ဟောကြား မြတ်တရား ကို မှတ်သားကြည်ညို မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းမှန်သည့် မြတ်မွန်ဆရာကျော် သံဃာတော်တို့ ဂုဏ်တော်ကြီးစွ အနန္တ ကို တုပ်ကွကော်ရော် တပည့်တော်သည် ပူဇော်ရှိခိုး ကန်တော့ ပါ၏ဘုရား။

မိဘ ၂-ပါး။ ။မာတာပိတု ဂုဏော အနန္တောဟု အပြော ကျယ်စွာ သံသရာဝယ် မာတာပိတာ မိနှင့်ဘတို့ ရေကြည်က

လလ တည်ဦးစက စူးချဲ့ပူစပ် ရှင်းရှင်းပြတ်အောင် မပြတ် ယုယ မိဘတို့မှာ စိုးရိမ်စွာနှင့် အစာဆိမ့်အေး နို့ချိုပေး၍ မွေးသမိခင် ကျေးဇူးရှင်နှင့် ထို့ပြင်တဝ မွေးဘခင်ကို လွန်လျှင်ရိုကျိုး မြတ်မြတ်နိုး၍ ရှိခိုးဦးချလိုက်ပါသတည်း။

**ဆရာသခင်**။ ။အာစရိယဂုဏော အနန္တောဟု မိန့်ဟောအရ ကောက်ယူပြသော် နယနည်းနာ အဖြာဖြာကို လိမ္မာစေကြောင်း မေတ္တာလောင်း၍ မကောင်းကိုကြဉ် ကောင်းရာယှဉ်လျက် နှုတ်မြွက်သံချို ဆုံးမဆိုသား အဟိုများစွာ သံသရာဝယ် သုံးသွယ်သောကပ် လေးရပ်အပါယ် ရှစ်သွယ်ရပ်ပြစ် ဆိုးညစ်ယုတ်မာ အဖြာဖြာကို ခေမာဘူမိ ဘေးမရှိအောင် နိဗ္ဗာန်သောင်သို့ ရောက်အောင်ပြုညွှန် သွန်သင်ပေဘတ် ဆရာမြတ်ကို ဦးသွန်မာန်လျှော့ ကန်တော့ရှိခိုးပါ၏ဘုရား။[1]

## တပည့်လိမ္မာကျမ်း အပြီးသတ်ခြင်း

မိမိသည် ၁၃၄၃-ခုနှစ် ဝါခေါင်လဆုတ် ၃-ရက်နေ့တွင် ဆရာမြတ်ကျေးဇူးကျမ်းငယ်ကို စုဆောင်းရေးသား၍ ပြီးဆုံးပါသဖြင့် ဆက်လက်၍ ၁၃၄၃-ခုနှစ် ဝါခေါင်လဆုတ် ၄-ရက်နေ့မှစ၍ နည်းနာနိဿယ ဥပဒေသကောင်းကို အလိုရှိ

---

၁။ ရဟန်းသာမဏေများသည် မိဘ ၂-ပါးမှလွဲ၍ ကြွင်း ၄-ဦးရှိခိုးနိုင်သည်။ ဆရာသခင်ကို ရှိခိုးရာ၌သာသနာ့ဝန်ထမ်း ရဟန်းတော် ဆရာသမားဖြစ်ပါစေ၊ ရှေးကရှိပြီး အနန္တ ငါးပါး ရှိခိုးကို အဆုံးတွင် အနည်းငယ်ပြင်ထားသည်။

ကြသည့် ရှင်သာမဏေ၊ ရဟန်းငယ်များနှင့် ကျောင်းသား၊ ကျောင်းသူ၊ အမျိုးသား အမျိုးသမီးတို့၏ အကျိုးငှာ ထက်သန်လှစွာသော စိတ်စေတနာဖြင့် သဒ္ဒါ၊ သင်္ဂဟ၊ ဒွေးမာတိကာ၊ ရူပသိဒ္ဓိ၊ ဋီကာကျော်၊ ကင်္ခါ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒီဃနိကာယ် ၃-ကျမ်း ပါဠိအဋ္ဌကထာ၊ မဇ္ဈိမနိကာယ် ၃-ကျမ်း ပါဠိအဋ္ဌကထာ၊ သံယုတ္တနိကာယ် ၅-ကျမ်း ပါဠိအဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်းပါဠိအဋ္ဌကထာ၊ နေတ္တိပါဠိအဋ္ဌကထာကျမ်းတို့ကို ချပို့ပြီးသည့်ပြင် ဗုဒ္ဓဗောဓ၊ အာမရကောသ၊ စာဏကျနီတိ အစရှိသော သက္ကတကျမ်းတို့ကိုလည်း ချပို့၍ ဝိနည်းပိဋက အပေါ်အဝင် ပါရာဇိကပါဠိ အဋ္ဌကထာ၊ မဟာဝါပါဠိအဋ္ဌကထာတို့ကို ချပို့သည့်ကိစ္စများကြားတွင် ဤမည်သော တပည့်လိမ္မာကျမ်းကို ရေးသားပြုစီရင်ခဲ့ရာ ယနေ့ ၁၃၄၃-ခုနှစ် ဝါခေါင်လဆုတ် ၁၃-ရက် နေ့ညနေ ၆-နာရီ ၃၀-မိနစ်အချိန်တွင် အောင်လံစိုက်ဆောက် ပြီးမြောက်သဖြင့် အောက်ပါဧကပိုဒ်လင်္ကာဖြင့် အထွတ်ထပ်၍ နိဂုံးအုပ်လိုက်ပါသည်။

## တပည့်လိမ္မာ နိဂုံးဧကပိုဒ်လင်္ကာ

သိစေနှောင်လာ နိဂုံးမှာပိမ့် ဤစာပေရှင် အကြင်ငါကား မြတ်ဖျားသာသနာ လွန်စွာပျော်စည် သည်မြေးကြူ ပခုက္ကူနဂရ ပစ္ဆိမဌာန် ကန်ရပ်ရွာဝယ် တွယ်လာသန္ဓေ နေ၍

ဖွားမြင် ပါရင်ပေါက်ရောက် ကျမ်းဂန်မြောက်သည့် မုံသောက်မာတင် ဆရာရှင်တို့ သွန်သဖ်ဆုံးမ ဩဝါဒကို နိစ္စကြည်ဖြူလိုက်နာယူ၍ ပခုက္ကူတွင် လွန်လျှင်ထူးဘိ ဝိသုတာရာမအာယတန၌ ငါးဝနိကာယ် ကျမ်းပင်လယ်ကို ကြယ်နှယ်ဝန်းခ မျှားသိဿအား ဝါစနတာဝန် အားသွန်ကြိုးကုတ် အကျွန်ုပ်သည် ဂုဏ်ရည်များစွာ မြတ်ဆရာတို့ ဥပကာထူး မြတ်ကျေးဇူးကို ကြည်နူးလှစွာ အောက်မေ့ကာဖြင့် ဤစာပြိုးပြွမ်းပုလဲပန်းကုံ ခန်းခန်းစုံစွာ ပြုစုပါ၏ သဒ္ဒါဗလဝ သောမနဖြင့်ရသစုံစွာ ဤကျမ်းစာကို သေချာစေ့ငု ကြည့်ရှုလေ့လာနာယူကာဖြင့် ဆရာ့ကျေးဇူး ဂုဏ်အထူးကို ရှင်မြူးဝမ်းသာဆပ်စေသော်။

တပည့်လိမ္မာကျမ်း အလုံးစုံ ပြီး၏

## အရှင်ကေလာသ ပြုစုသော ကျမ်းစာများ

၁။ အဘိဓမ္မာဂုဏ်ရည်ကျမ်း။
၂။ တိပိဋကအတ္ထုဒ္ဓါရသုစိကျမ်း။
၃။ တိပိဋကသုတ္တသုစိကျမ်း။
၄။ အင်္ဂလိပ်ပါဠိအဘိဓာန်။
၅။ ပါဠိ အင်္ဂလိပ် အဘိဓာန်။
၆။ သက္ကတမြန်မာအဘိဓာန်။
၇။ ပခုက္ကူသာသနာဝင်။
၈။ မဟာဝိသုတာရာမ သာသနာဝင်။
၉။ မန္တလေးသာသနာဝင် ပဌမတွဲ။
၁၀။ မန္တလေးသာသနာဝင် ဒုတိယတွဲ။
၁၁။ မန္တလေးသာသနာဝင် တတိယတွဲ။
၁၂။ မန္တလေးသာသနာဝင် စတုတ္ထတွဲ။
၁၃။ မန္တလေးသာသနာဝင် ပဥ္စမတွဲ။
၁၄။ မန္တလေးသာသနာဝင် ဆဋ္ဌမတွဲ။
၁၅။ မန္တလေးသာသနာဝင် သတ္တမတွဲ။
၁၆။ မန္တလေးသာသနာဝင် အဋ္ဌမတွဲ။
၁၇။ မန္တလေးသာသနာဝင် နဝမတွဲ။
၁၈။ မန္တလေးသာသနာဝင် ဒသမတွဲ။
၁၉။ မန္တလေးသာသနာဝင် ဧကာဒသမတွဲ။
၂၀။ မန္တလေးသာသနာဝင် ဒွါဒသမတွဲ။
၂၁။ မန္တလေးသာသနာဝင် တေရသမတွဲ။
၂၂။ မန္တလေးသာသနာဝင် စုဒ္ဒသမတွဲ။
၂၃။ မန္တလေးသာသနာဝင် ပန္နရသမတွဲ။
၂၄။ ပုဂံသာသနာဝင်။
၂၅။ ပင်းယ သာသနာဝင်။

၂၆။ အင်းဝသာသနာဝင်။
၂၇။ စစ်ကိုင်းသာသနာဝင်။
၂၈။ အမရပူရသာသနာဝင်။
၂၉။ ရွှန်းလွန်းပတ်ပတ္တိသာသနာဝင်။
၃၀။ သီဟိုဠ်ရဟန္တာများ။
၃၁။ သီဟိုဠ်ဘုရားစုံသမိုင်း။
၃၂။ စေတီယပုဗ္ဗတ္တိဒီပနီ။
၃၃။ ပခုက္ကူ ဘုရားစုံသမိုင်း။
၃၄။ ပခုက္ကူ ရှင်ကျင့်ဝတ်။
၃၅။ ပခုက္ကူ စာချနည်း။
၃၆။ ပခုက္ကူ ရေစက်ချနည်းကျမ်း။
၃၇။ ပခုက္ကူ သဒ္ဒါသုတ်နက်။
၃၈။ ပခုက္ကူ ဂုဏ်တော်ဖွင့်။
၃၉။ ပခုက္ကူ ဘုရားရှိခိုးကျမ်း။
၄၀။ ပခုက္ကူ စာစပ်ကျမ်း။
၄၁။ ပခုက္ကူ နိပါတ်နက်များကျမ်း။
၄၂။ ပခုက္ကူ ပရိတ်နိဿယကျမ်း။
၄၃။ ပါဠိ ပါဠ မဋ္ဌရီ ပါဠိဖတ်စာ။
၄၄။ ဥပုသ်သည်များလက်စွဲ။
၄၅။ တိပိဋကပါဠိမြန်မာ အဘိဓာန် အတွဲ ၉ (ပါဝင်ပြုစု)။
၄၆။ တိပိဋကပါဠိမြန်မာအဘိဓာန် အတွဲ ၁၀ (ပါဝင်ဦးစီးပြုစု)။
၄၇။ တိပိဋကပါဠိမြန်မာအဘိဓာန် အတွဲ ၁၁ (ပါဝင်ဦးစီးပြုစု)။
၄၈။ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၏ ထေရုပ္ပတ္တိ ဒီပနီနှင့်
အပိုးတန် စာပေများ။
၄၉။ အဘိဓဇဂုရု မဟာရဋ္ဌအရှင်သုန္ဒရ၏ မဟာထေရုပ္ပတ္တိ။
၅၀။ ရွှေကျောက်ဖူးဆရာတော် အရှင်ကလျာဏ၏ ကမ္မကာထေရ
ဂုဏ်ရည်။

၅၁။ ဝါးကန်ဆရာတော် အရှင်သုန္ဒရ၏ ဝါးကန်ထေရဂုဏ်ရည်။
၅၂။ သံပုရာပင်ကုန်း ဆရာတော် အရှင်အရိယ၏ အရိယထေရ ဂုဏ်ရည်။
၅၃။ ကျွန်းဦးရွာ မဟာဝိဇိတာရာမတိုက် ဆရာတော် အရှင် ဥာဏုဿရ၏ မဟာဝိဇိတာရာမ ထေရပဒါန်။
၅၄။ ရေစကြို ဆရာတော် ဘုရားကြီး အရှင်ဝဏ္ဏသာရ၏ မဟာထေရ ဝုတ္တန္တပ္ပဒီပိကာ။
၅၅။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော် ဘုရားကြီး၏ မဟာထေရလလိတ။
၅၆။ သာသနာပိုင် ဆရာတော် ဦးဥေယျ ထေရုပ္ပတ္တိ။
၅၇။ အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ဂါထာ ခြောက်ဆယ်ပါဌ် ရှိသည်။
၅၈။ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ဂါထာ ရှစ်ဆယ်ပါဌ် ရှိသည်။
၅၉။ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ဂါထာ ကိုးဆယ် ပါဌ် ရှိသည်။
၆၀။ ရေစကြို ဆရာတော် ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ၁၀၀–ပါဌ် ရှိသည်။
၆၁။ ကျွန်းဦး ဆရာတော် ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ သုံးဆယ် ပါဌ် ရှိသည်။
၆၂။ လက္ခဏာတော်ငယ် ရှစ်ဆယ် ဘုရားရှိခိုး ဂါထာ ပါဌ် ရှိသည်။
၆၃။ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး ဘုရားရှိခိုး ဂါထာ ပါဌ် ရှိသည်။
၆၄။ တရာ့ရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုး ဂါထာ ပါဌ် ရှိသည်။
၆၅။ နမက္ကာရ ပါဌ် ရှိသည်။
၆၆။ ရှင်ဥပဂုတ် ဘုရားရှိခိုး ဆယ့်နှစ်ဂါထာ ပါဌ် ရှိသည်။

၆၇။ ပဋ္ဌသိခ သီချင်း ဂါထာ ပါဠိ နိဿယ။
၆၈။ မြစ်ခြေမြို့ အဘယာရာမတိုက် သောဘနာ လက်ရသိမ် မော်ကွန်း ပါဠိ နိဿယ။
၆၉။ မရဏဿတိဘာဝနာ။
၇၀။ မူလပဏ္ဏာသအဋ္ဌကထာဂဏ္ဌိ။
၇၁။ ပိဋကသုံးပုံ ဘုရားရှိခိုး (၁၁၅-ဂါထာ ပါဠိ နိဿယ)။
၇၂။ မဟာဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)။
၇၃။ ဒီပဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)။
၇၄။ အစ္ဆရိယပဒါနိနှင့် အဖိုးတန်စာပေများ။
၇၅။ ပခုက္ကူ အဘိဓာန် နိဿယသစ်။
၇၆။ တိပိဋကဓရ ဝုတ္တောဒယသန္ဒီပနီကျမ်း။
၇၇။ ကဝိဒပ္ပဏနီတိ ပါဠိ နိဿယ။
၇၈။ တိပိဋကဓရ ဝုတ္တောဒယဝိကာသိနီ။
၇၉။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ ထေရဝုတ္တောဒယဒီပနီ။
၈၀။ ဆယ့်နှစ်ရာသီဘွဲ့ ဂါထာ ပါဠိ နိဿယ။
၈၁။ ရေနံချောင်းမြို့ ရွှေတောင် တိုက်အုပ် ဆရာတော် အရှင် ဝဏ္ဏာစာရ၏ ထေရဝုတ္တောဒယဝိလာသိနီ။
၈၂။ သမန္တကူဋဝဏ္ဏနာပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)။
၈၃။ မဟာဝိသုဒ္ဓာရာမ နိကာယဝတ်ရွတ်စဉ်အဖွင့်။
၈၄။ မဟာဝိသုဒ္ဓာရာမနိကာယသာသနာဝင်သစ်။
၈၅။ မဟာဝိသုဒ္ဓာရာမိက ဏာဝါဒကနိကာယသမိုင်းမှတ်တမ်း။
၈၆။ မဟာစည်ထေရဝုတ္တောဒယဝိလာသိနီ။
၈၇။ သာသနာဝင်ဘွဲ့တံဆိပ်တော်များသမိုင်း။
၈၈။ ၁၃၄၀ ပြည့် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ၃-ပါး နှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ၁၀-ပါးတို့၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိသန္ဒီပနီ။
၈၉။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဂန္ဓမာ၏မဟာထေရုပ္ပတ္တိဋ္ဌိတဝိ။

၉၀။ ပခုက္ကူ အဖိုးဘန်စာပေများ။
၉၁။ မိဘမြွတ်ကျေးဇူး။
၉၂။ ထနောင်းခလယေရဂုဏ်ရည်။
၉၃။ ၁၃၄၁ ခုနှစ်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ တံဆိပ်တော်ရ
ဆရာတော်ကြီး ၂—ပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်
တော်ရ ဆရာတော်ကြီး ၆—ပါးတို့၏ အမြွက်တော်စဉ် မဟာ
ထေရုပ္ပတ္တိပကာသနီ။
၉၄။ ပခုက္ကူ ရွှေဘုန်းတစ် ဘုရားသမိုင်း။
၉၅။ ပဌမအကြိမ်ဂိုဏ်းပေါင်းစုံသံဃအစည်းအဝေးသမိုင်းကျမ်း။
၉၆။ ရွှေကူဘုရားသမိုင်း။
၉၇။ နှင်းကျပ်ရှင်ဆူဖုဋ္ဌဝင်။
၉၈။ ကလျာ ဏီသာသနာဝင်(ပဲခူးကလျာဏီ သာသနာဝင်ကျမ်း)
၉၉။ ပခုက္ကူ နမောတဿ အနက်များကျမ်း။
၁၀၀။ ဆရာမြတ်ကျေးဇူး။
၁၀၁။ တပည့်လိမ္မာ။
၁၀၂။ ယဂိရသ မဟာဝံသ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)။
၁၀၃။ ပခုက္ကူ သဒ္ဒါသုတ်နက်သစ်။
၁၀၄။ ပခုက္ကူ ဓမ္မဂ္ဂသာနုသုတ်နက်။
၁၀၅။ ယမခင်းသံ အစစ်ခံ သံဒပါက်ကျမ်းအဖွင့်။
၁၀၆။ ထွတ်ခေါင်ကမ္မဋ္ဌာန်းသံပေါက်အဖွင့်ကျမ်း။
၁၀၇။ တိပိဋကပါဠိ အဋ္ဌကထာဋီကာဂါထာသူစိကျမ်း။ (ဦးစီးရေး)
၁၀၈။ ပခုက္ကူ ပဒမာလာကျမ်း။
၁၀၉။ ပခုက္ကူ လက်ပန်ကျွန်းရွာ ပြည့်လုံးချမ်းသာဘုရားသမိုင်း။
၁၁၀။ ပခုက္ကူ အနေကဇာတင် ပါဠိ နိဿယ။
၁၁၁။ ဥပါသကာလက်စွဲ ဘုရားရှိခိုး။
၁၁၂။ အေးမြမြမွှအမြဲတော။

## သာသနာရေးဦးစီးဌာနတွင် ရနိုင်သော
## အရှင်ကေလာသ၏ ကျမ်းစာများ

၁။ မဟာထေရလလိတ၊

၂။ တိပိဋကဓရ ဆရာတော်လေးပါး ထေရုပ္ပတ္တိ
(တိပိဋကဓရ ဝုတ္တန္တသန္ဒီပနီ)

၃။ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ထေရုပ္ပတ္တိ၊

၄။ ပခုက္ကူ အဘိဓာန်နိဿယသစ်၊

၅။ မိဘမြတ်ကျေးဇူး၊

၆။ ဆရာ့မြတ်ကျေးဇူး၊

၇။ စစ်ကိုင်း သာသနာဝင်၊

၈။ ကလျာဏီ သာသနာဝင်၊

၉။ မန္တလေး သာသနာဝင် ပဌမတွဲ၊

၁၀။ မန္တလေး သာသနာဝင် ဒုတိယတွဲ၊

၁၁။ သာသနာဝင် ဘွဲ့တံဆိပ်တော်များသမိုင်း၊

၁၂။ ထွတ်ခေါင် ကမ္မဋ္ဌာန်းသံပေါက် အဖွင့်၊

၁၃။ ကဝိဒပ္ပဏာနီတိနှင့် ဆယ့်နှစ်ရာသီဘွဲ့ ဂါထာပါဠိ နိဿ

၁၄။ ယမမင်းထံ အစစ်ခံ သံပေါက်အဖွင့်ကျမ်း၊

၁၅။ ကျန် မန္တလေး သာသနာဝင်ကျမ်းကြီးများ (အသ
ဆက်လက်၍ ထွက်ပါမည်။

J0